# နေ့စဉ်တွေ့ကြုံတာ မှတ်စရာ

## အိမ်ဖော်အလုပ်သမားအခွင့်အရေး




အမှတ် ၄ ဖေဖေါ်ဝါရီ ၂၀၀၇

# မက်ပ်ဖေါင်ဒေးရှင်းသည် မည်သည့်လုပ်ငန်းများ ဆောင်ရွက်နေပါသနည်း။

ယနေ့ကာလ ထိုင်းနိုင်ငံတွင် အဲန်ဂျီအိုအဖွဲ့(အစိုးရမဟုတ်သောအဖွဲ့အစည်း) မြောက်များစွာအခြေစိုက်လှုပ်ရှားနေကြပါ သည်။ လူ့အခွင့်အရေးအကျိုး ပလုပ်ငန်းများ ဆောင်ရွက်နေကြသော ထိုအဖွဲ့အစည်းတို့သည် လူထုစားဝတ်နေထိုင်မှု ဘဝနှင့်လူ မှုအသိုင်းအဝန်းပိုမို ဖွံ့ ဖးတိုးတက်ကောင်းမွန်လာရေးတို့ကိုပါ အထောက်အကူ ပလျက်ရှိကြပါသည်။ အချို့အဲန်ဂျီအိုအဖွဲ့များသည် သဘာဝပါတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် ၊ အချို့မှာဒီမိုကရေစီဖွံ့ ဖိးရေးတိုးတက်မြ င့်တင်ရေးကိစ္စရပ်များတွင် လှုပ်ရှားဆောင်ရွက်လျက်ရှိကြပြီး အချို့အဖွဲ့များသည် လူထု၏အနာဂါတ်ဘဝအာမခံချက်ခိုင်မာရေး အထောက်အကူဖြစ်စေရန်ရေးရှူ၍လုံလောက်သောဝင်ငွေ ရရှိသည့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးကူညီနိုင်ရေးအတွက်ဒေသခံလူ့အသိုင်းအဝိုင်းများနှင့် လက်တွဲလုပ်ကိုင်နေကြပါသည်။ မက်ပ်ဖေါင်ဒေးရှင်းသည်လည်း မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများ၏ ဘဝရေးရာ ကိစ္စရပ်များအတွက် အလေးထားဆောင်ရွက် ပေးလျက်ရှိသော အဲန်ဂျီအိုအဖွဲ့အစည်းတခု ဖြစ်ပါသည်။

ယနေ့လက်ရှိအချိန်တွင် ထိုင်းနိုင်ငံအတွင်း၌ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားဦးရေ တစ်သန်းခွဲကျော် ရောက်ရှိနေထိုင်အလုပ်လုပ်ကိုင်နေကြသည်ဟု ခန့်မှန်းရပါသည်။ မြန်မာနိုင်ငံမှတိုင်းရင်းသားလူမျိုးစုများ အများစုပါဝင်သော မက်ပ်ဖေါင်ဒေးရှင်း လုပ်ငန်းအဖွဲ့သားများသည် ထိုင်းနိုင်ငံအတွင်းရှိ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ သတင်းအချက်အလက်များကို လက်လှမ်းမှီသမျှ ကောက်ယူစုဆောင်း၍ ရွှေ့ပြောင်းအလုပ်သမားများ၏ဘဝတိုးတက်မြ င့်တင်ရေးလုပ်ငန်းကို ကးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုအလုပ်သမားများအတွက် ရည်ရွယ်၍ သက်ဆိုင်ရာကိစ္စရပ်များတွင် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်ရန် လက်ကမ်းစာစောင်များ ပိုစတာ များ ကက်ဆက်ခွေ စီဒီခွေများ စာစောင်မဂ္ဂဇင်းများကိုမပြတ် စီစဉ်ထုတ်လုပ်ဖြန့်ချီပေးလျက်ရှိပါသည်။ ထို့အပြင်ပညာပေးအစီအစဉ်များကို အက်ဖ်အမ်ရေဒီယိုလိုင်းမှလည်း အသံလွှင့်လျက်ရှိပါသည်။ ပညာပေးလုပ်ငန်းအစီအစဉ်များတွင် အောက်ပါကိစ္စရပ်များပါဝင်ပါသည်။

- အလုပ်သမားအခွင့်အရေး (အလုပ်သမားစည်းမျဉ်းနှင့်ဥပဒေများ)
- အမျိုးသမီးအခွင့်အရေး (လိင်တန်းတူညီမျှရေး နှင့်မျိုးပွားမှုဆိုင်ရာအခွင့်အရေးများ)
- ရွှေ့ပြောင်းခြင်း မူဝါဒ နှင့် ရွှေ့ပြောင်းလုပ်သားများမှတ်ပုံတင်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ
- ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ (အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်၊ ပ ိသန္ဓေတားဆေးအသုံး ပခြင်း နှင့်လုပ်ငန်းခွင်လုံ ခံ ရးနှင့်ကျန်းမာရေး
- ပညာရေး မူဝါဒများ (သက်ကြီးပိုင်းနှင့် ကလေးသူငယ်များအပါအဝင်)

အကယ်၍ သင့် (ရွှေ့ပြောင်းအလုပ်သမား) အနေဖြင့် မက်ပ်ဖေါင်ဒေးရှင်းမှထုတ်လုပ်သောပညာပေးစာစောင်များ တိပ်ခွေစီဒီခွေများ ရယူလိုလျှင်သော် ၊ ပညာပေးရေဒီယိုအစီအစဉ် ထုတ်လွှင့်ချိန် အချိန်ဇယားများ သိရှိလိုလျှင်သော် မက်ပ်ရုံးနှင့်ဆက်သွယ်နိုင်ပါသည်။ အဆိုပါ စာစောင်များ တိပ်ခွေ စီဒီခွေများ ရေဒီယို

အစီအစဉ်များကို ဖတ်ရှု နားဆင်ပြီးနောက် မက်ပ်အနေဖြင့်အနာဂါတ်တွင် ပိုမိုကောင်းမွန်သောအစီအစဉ်များစီစဉ်ဆောင်ရွက်နိုင်ရန်အတွက် သင်၏ထင်မြင်ချက်ဝေဖန်အကြံ ပြချက်များကို မက်ပ်ရုံးသို့ ပေးပို့ပြန်ကြားပေးစေလိုပါသည်။

ရွှေ့ပြောင်းလုပ်သားများမည်သို့ ကားစားရုန်းကန်နေကြရပြီး မည်မျှခက်ခဲပင်ပန်း၍မည်မျှအလုပ်များကြသည်ကို ကျွန်ုပ်တို့မက်ပ်ဖေါင်ဒေးရှင်းမှနားလည်ပါသည်။ ကျွန်ုပ်တို့သည် သင်တို့နှင့်ပုံမှန်တွေ့ဆုံခွင့်ရရန်လည်း မျှော်လင့်ပါသည်။ လောလောဆယ်အားဖြင့် သင်တို့ထဲမှတချို့နှင့်အခါအား လျော်စွာတွေ့ဆုံ၍ နီးနှောဆွေးနွေးပွဲများကျင်းပကာ သင်တို့နှင့်ပတ်သက်သည့်အကြောင်းအရာပြဿနာများ အထူးသဖြင့် အမျိုးသမီးရေးရာကိစ္စရပ်များအလုပ်သမားအခွင့်အရေးဆိုင်ရာကိစ္စရပ်များ စသည်တို့ကိုအပြန်အလှန် အမြင်ချင်းဖလှယ်ပြောဆိုနိုင်ခဲ့ကြပါသည်။ ထို့ပြင် မက်ပ်ဖေါင်ဒေးရှင်းအနေဖြင့်ရွှေ့ပြောင်းအလုပ်သမားများအတွက် အရေးပေါ်ကိစ္စရပ်များတွင် တတ်အား သမျှ အကူအညီပေးနေပါသည်။ ဆေးရုံဆေးခန်းများတွင် စကားပြန်ပေးခြင်း လိုအပ်သလိုအထောက်အကူ ပပေးခြင်းများ ပလုပ်ပေးနေပါသည်။ မက်ပ်ရုံးသို့ ဖုန်းဆက်ပါက သို့မဟုတ် လာရောက်ဆက်သွယ်ပါက မည်သည့်ပြဿနာအကြောင်းအရာအသေး အဖွဲ့ပင်ဖြစ်စေကာမူ ကျွန်ုပ်တို့အနေဖြင့် သင်တို့ကို ကူညီရန်တတ်နိုင်သံ့ ကားစားဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် မြန်မာနိုင်ငံတွင်နေထိုင်ခဲ့ကြရစဉ်၌ ၊ ထိုင်းနိုင်ငံတွင်း မှီခိုနေထိုင်လုပ်ကိုင်ကြရာတွင် ရွှေ့ပြောင်းလုပ်သားများ၌ဘဝပြဿနာအခက်အခဲပေါင်းများစွာ ရင်ဆိုင်ခဲ့ကြ ရင်ဆိုင်နေကြရဆဲ ဖြစ်သည်ကို ကျွန်ုပ်တို့သိမြင်ပါသည်။ ထိုမျှသာမက ကျွန်ုပ်တို့၏အခြားသိမြင်တွေ့ ကံချက်တစ်ရပ်မှာ မည်သည့်နေရာတွင် မည်သို့ပင်အခက်အခဲရှိနေစေကာမူ ဘဝတူလူသားအချင်း ချင်းတဦးကိုတဦး ရိုင်းပင်းကူညီကြခြင်းဖြင့် သွေးစည်းခိုင်မာသောရွှေ့ပြောင်းလုပ်သားလူ့အသိုင်းအဝိုင်းများအဖြစ် ဆက်လက်ရပ်တည်ရုန်းကန်အသက်ရှင်နိုင်စွမ်းရှိလာကြ ခြင်းပင်ဖြစ်သည်။ မက်ပ်ဖေါင်ဒေးရှင်းသည်ရွှေ့ပြောင်းလုပ်သားများကိုစေတနာအပြည့်ဖြင့် ထောက်ပံ့ကူညီရေး၌စွာပါဝင်ထမ်းဆောင်လိုသော ဆန္ဒရှိပါသည်။ ဘဝတူ ရွှေ့ပြောင်းလုပ်သားအသိုင်းအဝိုင်းများအကြားအပြန်အလှန်ဆက်သွယ်ပေးခြင်းဖြင့် ကျွန်ုပ်တို့အားလုံးသည် အခက်အခဲပြဿနာများကို အတူတကွမျှဝေဖလှယ်သိမြင်နိုင်လာကြမည်ဖြစ်ပြီး ထိုဘဝအခက်အခဲအခြေအနေများကို ရင်ဆိုင်ဖြေရှင်းရုန်းကန်ကျော်လွှားနိုင်မည့်နည်းလမ်းများကိုလည်း အချင်းချင်းထံမှ လေ့လာသင်ယူသွားနိုင်ကြမည်ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့အား မက်ပ်ရုံးမှတဆင့် အမြဲဆက်သွယ်မှု ပြုနိုင်ပါသည်။ ကျွန်ုပ်တို့သည်ရွှေ့ပြောင်းလုပ်သားများဖြစ်သကဲ့သို့ သင်တို့သည်လည်းရွှေ့ပြောင်းလုပ်သားများပင်ဖြစ်ကြသဖြင့် ဘဝတူများ ပင်ဖြစ်သည်။ ဘဝတူများအချင်းချင်း တစ်ဦးကိုတစ်ဦးရိုင်းပင်းကူညီနိုင်ကြစေရန် အဆက်အသွယ်မပြတ်ပါစေနှင့်။

# မာတိကာ

| နိဒါန်း | စာမျက်နှာ |
|---|---|


- အမှာစာ ၆
- အိမ်တွင်းအလုပ်သမား (အိမ်ဖော်) များအား ကြီးကြပ် စောင့်ရှောက်မှု ၇
- အိမ်တွင်းအလုပ်သမားများအတွက် နမူနာ(ဥပမာ)သဘော တူစာချုပ်(ပြောင်းကောင်းမှုအတွေ့အ ကြံ) ၁၁
- လုပ်ငန်းခွင်တွင်း ဘေးကင်းလုံ ခြုံ ခြင်း ၁၆
- အလုပ်သမားများအားမတရားခိုင်းစေမှုအတွက် လျော်ကြေးငွေ ၂၀
- ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီး ဌာန၏ ထုတ်ပြန်ကြေငြာချက် ၂၆
- အမျိုးသမီးများအကြမ်းဖက် ခံရမှုဆိုသည်မှာ အဘယ်နည်း။ ၃၀
- အိမ်တွင်းအလုပ်လုပ်သောအမျိုးသမီးအလုပ်သမားတဦး၏ အတွေ့အကြုံရှင်းလင်းပြောပြချက်နှင့် ဥပဒေ နည်းအရအမှု ရင်ဆိုင်ခြင်း ၃၄
- သူတပါးအိမ်တွင်းတွင် အလုပ်လုပ်သောအလုပ်သမား၏ အန္တရာယ်တွင်းမှ ကိုယ်လွတ်ရုန်းနည်း ၄၂
- ကိုလံဘို ထုတ်ပြန်ကြေညာချက် ၄၆
- နိုင်ငံ(တော်)နှင့် နိုင်ငံတကာအဆင့်အစည်းအဝေးမှ အိမ်တွင်းအလုပ်လုပ်သော သူတို့ နှင့်ပတ်သက်သော အမြင်တင်ပြချက်နှင့် အနာဂါတ်စီမံချက်များ ၅၂

## အမှာစာ

ရွှေ့ပြောင်းအလုပ်သမားများရဲ့ အခွင့်အရေးချိုးဖောက်ခံရမှုပြဿနာဟာ အမြဲတမ်းဖြစ်ပေါ်နေတဲ့ပြဿနာဖြစ်တယ် များသောအားဖြင့်အိမ်တွင်းမှုအလုပ်လုပ်တဲ့အမျိုးသမီးတွေအပေါ် ဖြစ်တယ်။ လွန်ခဲ့တဲ့အချိန်တုံးကဆိုရင် ပတ်ဝန်းကျင်ကလည်းဒီပြဿနာမျိုးနဲ့ပတ်သက်ပြီး အလေးထားမှုသိပ်မရှိခဲ့ဘူး။ တကယ်တမ်းဆိုရင် အိမ်တွင်းအလုပ်လုပ်တဲ့အမျိုးသမီးတွေဟာ ယခုခေတ်ခါစီးပွားရေးနဲ့ပတ်သက်လို့သိပ်ပြီးအရေးပါလှတဲ့အလုပ်သမားတွေဖြစ်ကြတယ်။ ဘာကြောင့်လဲဆိုတော့ အကယ်၍အိမ် ဖော်အဖြစ်အလုပ်လုပ်တဲ့ အလုပ်သမားတွေမရှိတော့ဘူးဆိုရင် မိသားစုတစ်ခုရဲ့အိမ်မှုရေးရာတာဝန်တွေလည်း ပိုမိုများပြားလာမှာဖြစ်ပြီးအချို့မိသားစုတွေအတွက်ဆိုရင် အပြင်ထွက်ပြီးအလုပ်သွားလုပ် နိုင်မှာတောင်မဟုတ်ပါဘူး။ ပြီးတော့တချိန် တည်းမှာဘဲအိမ်တွင်းအလုပ်လုပ်နေတဲ့အမျိုးသမီးတွေမှာလည်း အခွင့်အရေးချိုးဖောက်မှုနဲ့ လိင်ပိုင်းဆိုင်ရာမတရား ပကျင့်မှုတွေကြားထဲမှာ စွန့်စားရုန်းကန် နေကြရတယ်။ ဒီလိုဘဲ အခွင့်အရေးချိုးဖောက်မှုတွေပေါ်ပေါက်ခဲ့ပြီဆိုရင်လဲတရားမျှတမှုအတွက် ဥပဒေနည်းလမ်းနဲ့ အမှုရင်ဆိုင်တယ်ဆိုတာ သိပ်ကိုနည်းပါးလွန်းတယ်။ ဘာကြောင့် လဲဆိုတော့အ လုပ်သမားတွေမှာလည်း မိမိရဲ့လုပ်ပိုင်ခွင့်တွေကို သိပ်နားလည်ခြင်းမရှိတဲ့ အတွက်ကြောင့်နဲ့၊ ဥပဒေပိုင်းဆိုင်ရာမှာလည်းအလုပ်သမားတွေအပေါ်သိပ်အလေးအနက်ထားခြင်းမရှိသေးတဲ့အတွက်ကြောင့် ဒီပြဿနာတွေဟာလစ်လျူရှုထားခြင်းခံရသလို၊ နေ့စဉ်နဲ့အဲဒီအခွင့်အရေးချိုးဖောက်မှုတွေဟာလည်းပိုမိုများပြားကြီးထွားလာခဲ့တယ်။

ဒါကြောင့်အိမ်တွင်းအလုပ်လုပ်တဲ့ အမျိုးသမီးတွေဖြစ်တဲ့တို့တတွေဟာ မိမိပိုင်ဆိုင်မှုအခွင့်အရေးတွေကိုသိတတ်နားလည်အောင် ဆည်းပူးလေ့လာရမယ်၊ အဲဒီအသိတရားတွေနဲ့မိမိရဲ့အခွင့်အရေးတွေကိုကာကွယ်နိုင်အောင်၊ လူသားတိုင်းမှာတန်းတူညီမျှရှိတယ်ဆိုတဲ့ အခြေခံအခွင့်အရေး တွေပေါ်မှာမိမိရဲ့အခွင့်အရေးတွေကိုတောင်းဆိုနိုင်ရမှာဖြစ်တယ်။

ဒီလက်စွဲစာအုပ်လေးထဲမှာ မတရားခိုင်းစေမှုအတွက်လျော်ကြေးငွေ၊ အလုပ်သမားများရဲ့အနိမ့်ဆုံးလုပ်အားခကြီးကြပ်စောင့်ရှောက်ရေးဥပဒေနှင့် အိမ်ဖော်အလုပ်သမားများအပေါ်အကြမ်းဖက် မှုဆန့်ကျင်ရေးအစရှိတဲ့အိမ်တွင်းအလုပ်လုပ်တဲ့အလုပ်သမားများကိုအကျိုး ပစေမယ့် ခေါင်းစဉ်တွေပါရှိပြီး၊ သတိတရားရရှိဖို့နဲ့အကယ်၍မိမိသာအခွင့်အရေးချိုးဖောက်ခြင်းခံရတဲ့ပြဿနာများ ကံခဲ့လျှင် ပြဿနာများဖြေရှင်းနိုင်တဲ့နည်းလမ်းများရရှိအောင် အချို့သောကိုယ်တွေ့တွေ ကိုစုစည်း ပြီးပြောပြသွားမှာဖြစ်ပါတယ်။

စာအုပ်ဖြစ်မြောက်ရေးကော်မတီက အပြည့်အဝမျှော်လင့်တာကတော့ ဒီလက်စွဲစာအုပ်လေးဟာ မိမိတို့အခွင့်ရေးတောင်းဆိုမှုအတွက် အစပျိုးမှုတခုဖြစ်စေပြီး၊ အခွင့်အရေးချိုးဖောက်မှုခံရတဲ့ ပြဿနာတွေကို ကံတွေ့ချိန်မှာ အဲဒီပြဿနာတွေကိုဖြေရှင်းနိုင်ဖို့ ဒီလက်စွဲစာအုပ်ထဲကရတဲ့အသိပညာတွေအတိုင်းလုပ်ဆောင်သွား စေလိုပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ သင်အပါအဝင်ကျွန်ုပ်တို့အားလုံးဟာ အခွင့်အရေးတူညီမှုရှိကြတယ်ဆိုကိုမှတ်သားထားဖို့လိုပါတယ်။

မိမိတို့ဟာအိမ်တွင်းမှာအလုပ်လုပ်တဲ့သူတွေရဲ့အင်အားကိုယုံကြည်တယ်၊ ပြီးတော့မိမိတို့ရဲ့အခွင့်အရေးအ ပေါ်ချိုးဖောက်တဲ့သူတွေကို တုံ့ပြန်နိုင်ဖို့ မိမိတို့မှာလုပ်ဆောင်သွားနိုင်ဖို့စီမံချက်၊ အစီအစဉ်ရှိရမယ်၊ ထိုအတိုင်းဘဲတို့တတွေလုပ်ဆောင်သွားပါမယ်။


ယုံကြည်လေးစားမှုအပြည့်အဝနှင့်
စာအုပ်ဖြစ်မြောက်ရေးကော်မတီ
မက်(ပ်)ဖေါင်ဒေးရှင်း

# အိမ်တွင်းအလုပ်သမား (အိမ်ဖော်) များအား ကြီးကြပ် စောင့် ရှောက်မှု

*စကားဦး (နိဒါန်း)*

အလုပ်လုပ်ကိုင်သည့်နေရာတွင် တဦးနှင့် တဦး တတ်ကျွမ်းမှု၊ ကျွမ်းကျင်မှုများ ကွဲပြားကြသည်။ ထို့ ကြောင့်မိမိ၏တတ်ကျွမ်းမှုနှင့်ကိုက်ညီသောအလုပ် အကိုင်၊ လုပ်ငန်းများကို ရွေးချယ်ရမည်။ သို့သော်ယခု ပစ္စုပ္ပန်ကာလတွင် အလုပ်သမားကြီးကြပ်စောင့်ရှောက် ရေးဌာန၏ စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီသော ရွှေ့ပြောင်းအလုပ်သမားများလုပ်ကိုင်နိုင်သည့် အလုပ် များ မှာပန်းရံအလုပ်ကြမ်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ တံ ငါလုပ်ငန်း၊ အလုပ်ရုံလုပ်ငန်းနှင့် အိမ်ဖော်လုပ်ငန်း စသည့်လုပ်ငန်းများသာဖြစ်ပြီး ဤစာအုပ်တွင်အိမ် တွင်းအလုပ်သမားများနှင့်ပတ်သက်သော အကြောင်း အရာများကို အထူးသဖြင့်တင်ပြချင်ပါသည်။ ဤလုပ် ငန်းသည်ရွှေ့ပြောင်းအလုပ်သမားများအတွင်းမှ အမျိုး သမီးအလုပ်သမားများ အများဆုံးလုပ်သောအလုပ် ဖြစ်သည်။ ယခုပစ္စုပ္ပန်ကာလတွင် အိမ်တွင်း လုပ်ငန်း (အိမ်ဖော်အလုပ်) သည် အလုပ်ကြမ်း၊ ပင်ပန်းဆင်းရဲ လှသော အလုပ်တစ်ခုပုံစံမျိုးပေါ်နေပြီး အခြေခံအခွင့် အရေးများအနေနှင့်လည်း ဥပဒေကထိုလုပ်ငန်းကိုမ ကြီးကြပ်မစောင့်ရှောက်နိုင်သေးပေ။ အလုပ်သမား ကြီးကြပ်စောင့်ရှောက်မှုအာမခံချက် သာသနာနှစ် ၂၅၄၁ **(พ.ร.บ)** ၏ကြီး ကြပ်မှုအောက် တွင်အချို့အချက်အလက်များတွင်လည်း အိမ်ဖော်လုပ် ငန်းများကို ကြီးကြပ်စောင့် ရှောက်မှုအာမခံချက်မပေး နိုင်သေးပေ။ အိမ်တွင်းအလုပ်နှင့် အလုပ်ရှင်၏စီးပွား ရေးလုပ်ငန်းကို ကူညီဆောင်ရွက်ပေးရသော (ဥပမာ၊ ဆိုင်ရှင်ဈေးရောင်းသည့်အလုပ်၊ စားသောက်ဆိုင်အ လုပ်၊ အစရှိသောအလုပ်များ) အလုပ်သမားများ သည်အလုပ်သမားကြီးကြပ်စောင့်ရှောက်ရေးအာမ ခံချက် သာသနာနှစ် ၂၅၄၁ အတိုင်း အရာရာကြီး ကြပ်စောင့် ရှောက် မှုအာမ ခံချက်များကိုရရှိမည်။ အလုပ်သမားများကြီးကြပ်စောင့်ရှောက်ရေး အာမခံချက် **(พ.ร.บ)** သာသနာနှစ်၂၅၄၁ မှုအ ကြောင်းအသေးစိပ်အား Interactive စာအုပ်မှ အလုပ်သမားများ၏အခွင့်အရေးအကြောင်းတွင် ကြည့်ရှုလေ့လာနိုင်ပါသည်။ တရားမျှတသော လုပ်အားခကြီးကြပ်စောင့်ရှောက်ရေးအာ မခံချက်တွင် အိမ်တွင်းအလုပ် လုပ်သောအလုပ်သမား (အိမ်ဖော်) ၏လုပ်အားခသည်ထိုဒေသတွင်ရှိသောအနိမ့်ဆုံး လုပ်အားခထက် ပိုရရမည်။







လွန်ခဲ့သောအချိန်ကာလများတွင်အလုပ်သမားများ၏အခွင့်အရေးများမပြည့်ဝခြင်းမှာ တခါတရံ ဒေသခံရုံးများမှတာဝန်ယူဆောင်ရွက်ခြင်းများမှာ ချောမွတ်ပြေပြစ်စွာ မလုပ်ဆောင် နိုင်ခြင်းနှင့် အိမ်တွင်း လုပ်ငန်းသည်တန်ဖိုးအရေးပါသောအလုပ်ဖြစ် ကြောင်း ရှင်းလင်းပြသမှုမရှိသေးခြင်း။ တခါတရံမှာလည်းအလုပ်သမားများ၌ပင်လည်း ဥပဒေပိုင်းဆိုင်အရာရာကြီးကြပ်စောင့်ရှောက်မှုအာမခံချက်အရအရေးယူလုပ်ဆောင်နိုင်စွမ်းရှိစေသောသတင်းသက်သေအထောက်အထားခိုင်လုံမှုမရှိခြင်းတို့ကြောင့် အလုပ်သမားများသည် မိမိ၏ရပိုင်ခွင့်အခွင့်အရေးများအသုံးချနိုင်ကြောင်းကို မိမိကိုယ်ကိုယုံကြည်စိတ်ချစွာဆုံးဖြတ်နိုင်မှုမရှိခြင်းများကြောင့်ဖြစ်သည်။ ထို့ကြောင့် အလုပ်ရှင်၏ အခြားစီးပွားရေးလုပ်ငန်းကို ကူညီဆောင်ရွက်ရခြင်းမရှိသော အိမ်တွင်း လုပ်ငန်းလုပ်သည့်နေရာတွင်မည်ကဲ့သို့သောကြီးကြပ်စောင့်ရှောက်မှုအာမခံချက်များရနိုင်ပါသလဲဆိုတာကို အောက်ပါအတိုင်းကြည့်ရှုကြည့် ပါ။

## *အလုပ်သမားဖြစ်သူ၏အခွင့်အရေး*

အခြားစီးပွားရေးလုပ်ငန်းများကိုကူညီဆောင်ရွက်ရခြင်းမရှိသော အိမ်တွင်းအလုပ်လုပ်ကိုင်သည့်အလုပ်သမား (အိမ်ဖော်) သည်အောက်ပါအတိုင်းကြီးကြပ်စောင့်ရှောက်မှုအာမခံချက်များကိုရရှိ ပေမည်။

### ၁) အလုပ်သမားကြီးကြပ်စောင့်ရှောက် ရေးအာမခံချက်သာသနာနှစ် ၂၅၄၁ မူတွင်၍ ကဲ့သို့ပြဋ္ဌာန်းထားသည်။

- လုပ်ငန်းအတွင်းပျက်စီးဆုံးရှုံးမှုအတွက် အာမခံထားနိုင်ရန် အလုပ်ရှင်သည်အလုပ် သမားထံမှစပေါ်ငွေကောက်ထားနိုင်ခွင့်ရှိသည်။ ကလေးအလုပ်သမားဖြစ်ပါကထိုစပေါ်ငွေ ကောက်ယူထားနိုင်ခွင့်မရှိပေ။ အကယ်၍အလုပ်သမားသည် မည်သည့်ပျက်စီးဆုံးရှုံးမှုကိုမှ မ ပလုပ်ခဲ့ပါက အလုပ်ရှင်သည် ထိုစပေါ်ငွေများကို အလုပ်သမားအလုပ်ထွက်သည့်အခါတွင် ပြန်ပေးရမည် ဖြစ်သည်။

- လုပ်အားခငွေရှင်းရာတွင် ထိုင်းငွေဖြစ်ရမည်ဖြစ်ပြီး လုပ်ငန်းခွင်တွင်လုပ်အားခငွေရှင်းပေးရမည်။

- လုပ်အားခငွေ (လခ) အနည်းဆုံး တစ်လတစ်ခါလက်ခံရရှိရမည်။

- အလုပ်သမားတယောက်သည်အနည်းဆုံး တစ်နှစ်လျှင် ၆ ရက်လုပ်အားခငွေ (လခ) ဖြတ်တောက်ခြင်းမရှိဘဲ အလုပ်နားခွင့်ရှိသည်။

- အမျိုးသားအလုပ်သမားနှင့်အမျိုးသမီးအလုပ်သမားတို့သည်လုပ်ငန်းခြင်းတူလျှင် ညီမျှသောလုပ်အားခကိုရရှိရမည်။



■ အလုပ်သမားလက်ခံခြင်း (အလုပ်ခိုင်းခြင်း) မှရပ်နားလျှင် အလုပ်စမခိုင်းတော့သည့် နေ့မှစ၍ ၃ ရက်အတွင်းတွင် လုပ်အားခပေးရမည်။ အလုပ်ခိုင်းခြင်းရပ် နားသည့်နေ့မှစ၍ ၇ ရက် အတွင်းတွင်အလုပ်အာမခံငွေ (အလုပ်ရှင်ကအလုပ်သမားထံမှကောက်ထားသောငွေ) အားပြန်ပေးရမည်ဖြစ်သည်။


■ အကယ်၍အလုပ်ရှင်သည်လုပ်အာ းခငွေရှင်းပေးရန်ကျန်နေပါက အတိုးငွေတစ်နှစ်တွင် ၁၀၀ လျှင် ၁၅ဘတ် နှုန်းနှင့်ထပ်ဖြည့်ပေးရမည်ဖြစ်သည်။

■ အကယ်၍အလုပ်ရှင်မှ မည်သည့်အကြောင်းပြချက်မှမရှိဘဲ လုပ်အားခငွေ (လခ) ထုတ်မပေးလျှင် ၇ ရက်လျှင် ၁၅ဘတ် နှုန်းဖြင့် ငွေပိုပေးရမည် ဖြစ်သည်။

■ အလုပ်ရှင်မှ အမျိုးသမီးအလုပ်သမားနှင့် ကလေးအလုပ်သမားများအား လိင်ပိုင်းဆိုင်ရာ မတရား ပကျင့်ခြင်းမ ပ‌ရ။

■ အလုပ်သမားတို့သည် မတရားအလုပ်ခိုင်းစေမှုတို့ကို အလုပ်သမားကြီးကြပ်စောင့် ရှောက်မှုအာ မခံချက်ရုံးများထံသို့ အမှုဖွင့်တိုင်ကြားနိုင်ပြီး၊ အကယ်၍အလုပ်ရှင်က ဥပဒေ၏ စည်းမျဉ်း စည်းကမ်းအတိုင်း မလိုက်နာပါကအလုပ်ရှင်အား မတရားအလုပ်ခိုင်းစေရာမှရပ်တန့်ရန် ပ ပြင်နိုင်ဖို့အတွက်ဖြစ်သည်။





***အကယ်၍ အလုပ်ရှင်သည် ဥပဒေ၏စည်းမျဉ်းစည်းကမ်းအတိုင်းမလိုက်နာပါက အောက်ပါအတိုင်းဒဏ် တပ်နိုင်သည်။***

- လုပ်အားခငွေရှင်းပေးသည့်နေရာမဟုတ်သည်တို့နှင့်ပတ်သက်သောအမှု။
  *ဒါဏ်ငွေ ၁၀၀၀၀ထက် မပို*
- လိင်ပိုင်းဆိုင်ရာမတရား ပကျင့်မှု*ဖော်ပြထား ခြင်း။*
  *ဒါဏ်ငွေ ၂၀၀၀၀ ထက်မပို*
- နှစ်စဉ်အလုပ်နားရက် (အားလပ်ရက်) မရှိခြင်း။ *ဒါဏ်ငွေ ၂၀၀၀၀ ထက်မပို*
- အမျိုးသမီး၊ အမျိုးသားအလုပ်သမားလုပ်အားခမညီမျှခြင်း*ဖော်ပြခြင်း။ မရှိသေး၊*
- ထိုင်းငွေနှင့် လုပ်အားခငွေမရှင်းခြင်း။
  *ဒါဏ်ငွေ ၂၀၀၀၀ ထက်မပို*
- အချိန်မီ လုပ်အားခငွေ မပေးခြင်း*ထောင် ဒဏ် ၆ လမပို (သို့) ဒါဏ်ငွေ ၁၀၀၀၀ ထက်မပို (သို့) ထောင်ဒဏ်၊ ငွေဒဏ်*

## ၂) အိမ်တွင်းအလုပ်လုပ်သည့်အလုပ်သမား (အိမ်ဖော်) သည်အလုပ်သမားဆိုင်ရာတရားရုံးသို့ အမှုဖွင့် တိုင်တန်းနိုင်သည်။

ဥပဒေပိုင်းဆိုင်ရာမှအသိအမှတ် ပထားခြင်း မရှိသေးသော အရေးပါသည့်အခြေခံအခွင့်အရေးများ

■ လူမှုရေးပိုင်းဆိုင်ရာအာမခံချက်သာသနာ နှစ် ၂၅၃၃ မူ၏အသိမှတ် ပထားခြင်းတွင်မပါသောအိမ် တွင်းအလုပ်သမားများ

■ လျော်ကြေးငွေအာမခံချက် သာသနာနှစ် ၂၅၃၇ မူ အသိအမှတ် ပထားခြင်းတွင်မပါသောအ လုပ်သမားများ (အလုပ်ရှင်အားအလုပ်လုပ်ပေးရာမှ ဖျားနာခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် သေဆုံး ခြင်းတို့နှင့်သက်ဆိုင်သည့်အကြောင်းအရာများ)

■ တရားမျှတသောလုပ်အားခငွေ (တန်ရာတန် ကြေးလုပ်အားခ)

■ ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာ၊ နေရာထိုင်ခင်း၊ ဆေးကုသခ၊ နှစ်စဉ်ဆုကြေးငွေ၊ ငွေစုပိုင် ခွင့်၊ ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုများကို ပူးပေါင်းပါဝင် လှုပ်ရှားနိုင်ခွင့်၊ ပညာရေးလေ့လာဆည်းပူးခွင့် အစရှိ သောအလုပ်သမားများ၏ရပိုင်ခွင့်များ

■ ပညာရေးပျိုးထောင်မှု၊ အသက်မွေးဝမ်း ကျောင်းပညာပျိုးထောင်မှု၊ ဘဝတိုးတက်ရေးလမ်း ကြောင်းရွေးချယ်ရာပျိုးထောင်မှုအခွင့်အရေးများ

■ လုပ်အားခငွေဖြတ်တောက်ခြင်းမရှိသော နှစ်စဉ်နားရက်နှင့် ရိုးရာဓလေ့ထုံးတမ်းအလုပ် နားရက် ရပိုင်ခွင့်များ

■ အိမ်တွင်းအလုပ်သမားများသမဂ္ဂဖွဲ့စည်းမှု နှင့် စည်းရုံးမှုပုံစံများ



အိမ်တွင်းအလုပ်ဖြစ်သည့် အသက်မွေးဝမ်း ကျောင်းအလုပ်၏ အခြေခံအခွင့်အရေးအချက်အ လက်တချို့သည်အလုပ်သမားကြီးကြပ်စောင့်ရှောက် ရေးအာမခံချက်များမရရှိသေးသော်လည်းထိုလုပ် ငန်းနှင့်ပတ် သက်သောစည်းမျဉ်းစည်းကမ်းများ၊ အခွင့် အရေးများ နှင့်အာမခံချက်များပိုမိုရရှိနိုင်ရန်ပြန် လည်ဆန်းစစ်သွားကြမည်ဟုယုံကြည်မျှော်လင့်ပါ သည်။ ထိုကဲ့သို့သော ပပြင်ပြောင်းလဲမှုများဖြစ်ပေါ် လာနိုင်ရန် အလုပ်သမားများသည်လည်း စုပေါင်းပါဝင် တိုက်တွန်းပေးနိုင်ကြသည်။

အထက်တွင်ဖော်ပြထားသော မိမိ၏အခွင့် အရေးအတိုင်း ကစားပါ။ ဤသတင်းအချက်အ လက်များ မသိသေးသောအပေါင်းအသင်းများကိုရှင်း လင်းပြော ပြ၍ညှိနှိုင်းတိုင်ပင်ပါ။ အကယ်၍မိမိ၏အခွင့် အရေးများ ကိုအသုံး ပရန် မိမိကိုယ်ကိုယုံကြည်စိတ်ချ ခြင်းမရှိသေး လျှင်၊ အကြံ ပတိုင်ပင်လိုလျှင် (သို့မဟုတ်) သတင်းအချက်အလက်များပိုမိုရယူလိုပါက ဤစာ အုပ်ထုတ်ဝေသည့်အဖွဲ့ထံသို့ ဆက်သွယ်နိုင် ပါသည်။ ရှေ့ဆက်၍ ကျွန်ုပ်တို့၏မိတ်ဆွေအလုပ်သမားများ မတရား ပကျင့်ခြင်း၊ အနိုင်ကျင့်ခေါင်းပုံ ဖြတ်ခြင်းမခံရ လျှင် ကျွန်ုပ်တို့ကျေနပ်ဝမ်းမြောက်ရပါ မည်။

# အိမ်တွင်းအလုပ်သမားများအတွက်နမူနာသဘောတူစာချုပ် (ဟောင်ကောင်မှအတွေ့အ ကံ)

## *ဘာကြောင့်သဘောတူစာချုပ်ကအရေးကြီးတာလဲ*

အလုပ်သမားများအနေဖြင့် မိမိရဲ့အခွင့်အရေးအတွက် သဘောတူစာချုပ်ချုပ်ခြင်းသည် ပထမဦးဆုံးခြေလှမ်းတစ်ခုဖြစ်သည်။ အလုပ်သမားတစ်ယောက်အနေဖြင့် အလုပ်ချိန်ကျော်လွန်သည့်အထိလုပ်ချင်မှာမဟုတ် (သို့မဟုတ်) အလုပ်ရှင်တစ်ယောက်အနေဖြင့် သူ၏အလုပ်သမားကို သေချာတိကျတဲ့အလုပ်မျိုးကိုလုပ်စေချင်။ သင်ဖြစ်ချင်တာနဲ့သင့်အလုပ်ရှင်ဖြစ်ချင် တာနဲ့ မတူညီတာမထူးဆန်းပါဘူး။ ဒါပေမယ့် အလုပ် သမားတစ်ယောက်ရဲ့ တာဝန်ကဘာလဲဆိုတာ နှစ်ဘက်စလုံး၏ သဘောတူညီမှုကအရေးကြီးသည်။ သဘောတူစာချုပ်ရေးသားလုပ်ဆောင်ခြင်းသည် အလုပ်သမားနှင့် အလုပ်ရှင်ကြားအဓိကနားလည်မှုခိုင်မာကြောင်းကို ပြသသည့်သဘောဆောင်သည်။ ကတိ ဝန်ခံချက်ရေးသားခြင်းသည့်အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသောသဘောတူညီချက်သည့်အလုပ်သမားနှင့် အလုပ်ရှင်နှစ်ဘက်စလုံး၏သက်သေပင်ဖြစ်သည်။ ဒီစာချုပ်သည် ဘယ်လိုအသုံးဝင်သလဲဆိုသော် ကတိဝန်ခံချက်တွေကိုချိုးဖေါက်တဲ့အခါမှာအလုပ်ရှင် သို့မဟုတ် အလုပ်သမားအနေဖြင့် ထိုသဘောတူညီချက်ကိုလိုက်နာဖို့ဆုံးဖြတ်မေးမြန်းခြင်းကိုခံရမည်။

## *သဘောတူစာချုပ်ချုပ်ခြင်းသည် မိမိ၏အခွင့်အရေးနှင့်တာဝန် များကိုပို၍ရှင်းလင်းစေသည်*

သဘောတူစာချုပ်ချုပ်ခြင်းသည် အထူးသဖြင့်အိမ်တွင်းအလုပ်လုပ်နေ သူများအတွက်အရေးကြီးပြီးအသုံးဝင်သည်။ အဘယ်ကြောင့်ဆိုသော်အိမ်တွင်းအလုပ်သမား၏ အလုပ် သည့်ရှင်း လင်းမှုမရှိဘဲထုံးစံလိုဖြစ်နေသည်။ မိုးလင်းမှညလူအိပ်ချိန်အထိအိမ်တွင်းအလုပ်ကို လုပ်ကိုင်ရသည်မှာသဘာဝအလုပ်လိုဖြစ်နေသည်။ အကယ်၍ အလုပ်သမားသည်အလုပ်ရှင်အိမ်၌နေလျှင်အလုပ်ရှင်အတွက် ပို၍လွယ်ကူစေပြီး အလုပ်သမားအနေဖြင့် ညသန်းခေါင်တွင်လည်းအသေးအမွှားကိစ္စအထိခိုင်း စေခြင်းကိုခံရသည်။

**မိုးလင်းမှညသန်းခေါင်အထိလုပ်ပါမယ်လို့ သင်နှင့် သင့်၏အလုပ်ရှင်ကြားသဘောတူညီမှုရှိပါသလား။**

**သင်အနေနှင့်အိမ်မှုကိစ္စတစ်ခုတည်းကိုလုပ်ကိုင်ရမလားသို့မဟုတ်ကလေးနှင့်သက်ကြီးရွယ်အိုဘယ်နှစ်ယောက်ကိုစောင့်ရှောက်ရမယ်ဆိုတာကိုရှင်းလင်းသေချာအောင်မလုပ်ချင်ဘူးလား။**

**တစ်လမှာခွင့်ဘယ်နှစ်ရက်ယူနိုင်တယ်၊နှင့်လစာဘယ်လောက်လည်းဆိုတာကိုလဲလည်း သင်မသိချင်ဘူးလား။**

သင်နှင့်သင့်အလုပ်ရှင်အကြားဒီအလုပ်သဘောတူစာချုပ်လုပ်ခြင်းဖြင့် ဒီပြဿနာတွေနှင့်မေးခွန်းတွေအားလုံးကိုဖြေရှင်းနိုင်လိမ့်မည်။

ဟောင်ကောင်မှာအလုပ်ရှင်တစ်ယောက်အနေနှင့်နိုင်ငံခြားအလုပ်သမားကိုငှားမယ်ဆိုရင်သဘော တူစာချုပ်ကိုလက်မှတ်ရေးထိုးရသည်။

ဟောင်ကောင်မှာ နိုင်ငံခြားအလုပ်သမားကိုငှားရမ်းရန်အတွက် အထူးသဘောတူစာချုပ်တစ်ခုရှိသည်။ အလုပ်ရှင်တဘက်တည်း နှင့် နိုင်ငံခြားအလုပ်

သမားကို ငှားရမ်းခွင့်မရှိ၊ အလုပ်သမားနှင့် အလုပ်ရှင်နှစ်ဘက်စလုံး အလုပ်သဘောတူစာချုပ်ကို သဘောတူ လက်မှတ်ထိုးမှသာဖြစ်သည်။ နိုင်ငံခြားအိမ်တွင်း အလုပ်သမားများ၏ အခြေခံအခွင့်အရေးနှင့် သူတို့၏တာဝန် များကို ဒီသဘောတူညီချက်က တိကျရှင်းလင်းစွာ ကူညီဖော်ပြထားသည်။

**ဟောင်ကောင်မှ နိုင်ငံခြားအိမ်တွင်းအလုပ်သမားငှားရမ်းရန်အတွက် အရေးကြီးသော အချို့အချက်များကိုအောက်ပါအတိုင်း ဖော်ပြထားသည်။**

***အောက်ပါအချက်အလက်များအပေါ် သဘောတူပြီးအလုပ်သမားနှင့် အလုပ်ရှင်ကြား ဒီသဘောတူစာချုပ်ကို ချုပ်ဆိုရမည်။***

၂။ (က) အိမ်တွင်းအလုပ်သမားသည် ဟောင်ကောင်သို့ရောက်သည့်နေ့မှ စပြီးအလုပ်ရှင်အိမ်တွင် (၂)နှစ်လုပ်ရန် ငှားရမ်းခြင်းကိုခံရမည်။

၄။ (က) သဘောတူစာချုပ်တွင်ပါရှိသည့် အချက်အတိုင်းအိမ်တွင်းအလုပ်သမားသည်အိမ်တွင်းအလုပ် များကိုလုပ်ကိုင်လိမ့်မည် ။

(ခ) အိမ်တွင်းအလုပ်သမားသည် မိမိအလုပ်ရှင်၏ အလုပ်တစ်ခုတည်းကိုသာ လုပ်ဆောင်ရမည် (ဆိုလို သည့်အဓိပ္ပါယ်မှာအလုပ်ရှင်မှသူ၏အလုပ်သမားအား အခြားအပြင်လူ၏အလုပ်ကိုစေခိုင်းခြင်းမရှိရ)

၅။ (က) အလုပ်ရှင်သည်အိမ်တွင်းအလုပ်သမား၏လစာကိုဟောင်ကောင်ဒေါ်လာနှင့်ပေးရမည်။ အိမ်တွင်း အလုပ်သမား၏ လစာသည် သတ်မှတ်ထားသော ဟောင်ကောင်၏ အနိမ့်ဆုံးလစာ ထက်မလျော့ရ။ အလုပ်ရှင်မှလစာပေးမှုပျက်ကွက်ခဲ့လျှင် ပြစ်မှုတရားစီရင်မှုကိုရင်ဆိုင်ရမည်။

(ခ) သင့်လျော်သောနေရာထိုင်ခင်းနှင့် အစားအသောက်များကို အလုပ်ရှင်မှအိမ်တွင်းအလုပ်သမားအ တွက် အခမဲ့စီစဉ်ပေးရမည်။ အကယ်၍ အစားအသောက်များကို အလုပ်ရှင်မှအိမ်တွင်းအလုပ်သမား အတွက်ထောက်ပံ့မှုမရှိလျှင် အလုပ်ရှင်အနေဖြင့် အိမ်တွင်းအလုပ်သမားကို ကောင်းမွန်သောလစာ ပေးရမည်။

၆။ (က) ဟောင်ကောင်နိုင်ငံသားအလုပ်သမားများနည်းတူ တန်းတူလစာနှင့် အားလပ်ရက်အခွင့်အရေးများ ရှိသည်။

၉။ (က) အလုပ်ရှင်အနေဖြင့် သူ၏အလုပ်သမား မကျန်းမာလျှင် သို့မဟုတ် လုပ်ငန်းခွင်တွင်း ထိခိုက်ဒဏ် ရာရခဲ့လျှင် လိုအပ်သောဆေးဝါးကုသမှုများကို အခမဲ့ဆောင်ရွက်ပေးရမည်။ အခမဲ့ဆေးကုသမှုတွင်ကု သ မှုအကြောင်း ဆွေးနွေးခြင်း၊ ဆေးရုံအတွင်းစောင့် ရှောက်မှုခံယူခြင်းနှင့် အရေးပေါ်ကုသ မှုခံယူခြင်းများ ပါဝင်သည်။

(ခ) အလုပ်သမားသည် အလုပ်ခွင်အတွင်း မတော်တဆဒဏ်ရာရရှိခဲ့လျှင် သို့မဟုတ် အလုပ်ကြောင့် ရော ဂါရရှိခဲ့လျှင် အလုပ်ရှင်အနေဖြင့် ဟောင်ကောင်ဥပဒေအတိုင်း အလုပ်သမားကို လျော်ကြေးပေး ဆောင်ရမည် ။

**(ဒီသဘောတူစာချုပ်တွင်ကူညီသူလို့သုံးထားသည်။ အမှန်တကယ်အလုပ်သမားလို့သုံးသင့်သည်)**

***အလုပ်ရှင်နှင့်အလုပ်သမားနှစ်ဘက်စလုံး အောက်ပါအချက်များကိုလက်မှတ်ရေးထိုးရမည်။***
***အလုပ်ရှင်အနေဖြင့် အိမ်တွင်းအလုပ်သမား၏အသေးစိပ်တာဝန်နှင့် နေရာထိုင်ခင်းများကို စီမံပေးရမည်။***

၁ ။ အလုပ်ရှင်၏အိမ်နေရာ (သို့မဟုတ်) အိမ်အနေအထားနှင့် မိသားစုဝင်ဦးရေအလိုက် ဆောင်ရွက်လုပ်ဆောင်ပေးရန်

(က) အိမ်သို့မဟုတ်တိုက်ခန်း၏အရွယ်အစားခန့်မှန်းခြေ (စတုရန်းပေ၊ စတုရန်းမီတာ)

(ခ) မိသားစုအတွင်းလူဦးရေအလိုက်လုပ်ဆောင်ပေးရန် (အရွယ်ရောက်သူ၊ ကလေး – ၅နှစ်မှာ၈နှစ်အထိ၊ ကလေး – ၅နှစ်အောက် နှင့် အမြဲ ပစုစောင့်ရှောက်မှုလိုအပ်သောလူဦးရေ။

၂ ။ အကူအလုပ်သမားအတွက်လိုအပ်သည့်နေရာထိုင်ခင်းနှင့်ပစ္စည်းကိရိယာများစီမံပေးခြင်း

(က) အကူအလုပ်သမားအတွက် သင့်တင့်မျှတသော အခွင့်အရေးနှင့် သင့်လျော်သောနေရာထိုင်ခင်းများကို စီမံဆောင်ရွက် ပေးသင့်။ မသင့်လျော်သောနမူနာ(ဥပမာပုံစံ) နေရာထိုင်ခင်းများ – အကူအလုပ် သမားအနေဖြင့် လူသွားစင်္ကြန်သီးသန့်မရှိသော နေရာတွင်အိပ်ရခြင်းနှင့် လိုင်ကွဲပြားသူ ဆယ်ကျော်သက်အရွယ်များနှင့် တခန်းတည်းတွင်အိပ်ရခြင်း။


( ) အကူအလုပ်သမားအတွက်ခန့်မှန်းခြေသီးသန့်အခန်းအရွယ်အစားပေးခြင်း (စတုရန်းပေ၊ စတုရန်းမီတာ) (ရှိ)

( ) အကူအလုပ်သမားအတွက်သီးသန့်နေရာထိုင်ခင်းပေးခြင်း (မရှိ)

– ကလေးများနှင့်တခန်းတည်းအိပ်ရခြင်း
– သီးခြားနေရာခွဲပေးခြင်း (စတုရန်းပေ၊ စတုရန်းမီတာ)
– အခြား (ကျေးဇူး ပြု၍ခွဲခြားပြပါ)

၄။ အိမ်တွင်းအလုပ်တာဝန်များ

နေ့စဉ်အိမ်တွင်းအလုပ်ကိစ္စ၊ ချက် ပြုတ်ခြင်း၊ မိသားစုအတွင်း သက်ကြီးရွယ်အိုများကို စောင့်ရှောက်ခြင်း၊ ကလေးထိန်းခြင်းနှင့် တခြားအလုပ်ကိစ္စများ (ကျေးဇူး ပြု၍အသေးစိပ်ချရေးပါ)



### ဒီသဘောတူစာချုပ်၏အရေးကြီးသောအကျဉ်းချုပ်အချက်များမှာ

■ အလုပ်သမားအနေဖြင့် အိမ်တွင်းအလုပ်သမားအဖြစ် ငှားရမ်းခံရခြင်း ဖြစ်ကြောင်း ရှင်းလင်းနေရမည် (ဒီစာကြောင်း အဓိပ္ပါယ်အရ အလုပ်သမားတစ်ယောက်အနေဖြင့် မိမိအလုပ်ရှင်၏ စီးပွားရေးကိစ္စများကိုလုပ်ကိုင်ပေးရန်မလို) ထိုင်းနိုင်ငံမှာတော့ အလုပ်သမားက အလုပ်ရှင်၏စီးပွားရေးကိစ္စများကို ကူညီပေးသောအခါ အလုပ်သမား၏သတ်မှတ်ထားသောအနိမ့်ဆုံးလစာနှင့် အခွင့်အရေးများကို အလုပ်သမားဥပဒေက ကာကွယ်ပေးသည်။

■ သတ်မှတ်ထားသော အနိမ့်ဆုံးလစာထက် မနည်းလက်ခံရရှိရမည် ဖြစ်ကြောင်းရှင်းလင်း နေရမည်။

■ အိပ်ခန်း၊အစားအသောက်နှင့် လိုအပ်သည့် ပစ္စည်းကိရိယာများကို အလုပ်ရှင်မှအလုပ်သမားအတွက်အသေး စိပ် စီမံဆောင်ရွက်ထားကြောင်းဖော်ပြထားရမည်။

■ အလုပ်သမား၏အားလပ်ရက်များ၊ အစိုးရရုံးပိတ်ရက်နှင့် အားလပ်ရက်အတွက်လစာပေးသည့်အခွင့်အရေးများကိုကာ ကွယ်ပေးသည်။

■ အလုပ်ရှင်အနေဖြင့် အခမဲ့ဆေးကုသမှုကိုစီမံပေးရမည်။

■ အိမ် သို့မဟုတ် တိုက်ခန်းအရွယ်အစား၊ မိသားစုဝင်လူဦးရေနှင့် အိမ်တွင်းအလုပ်သမား၏အသေးစိပ် အလုပ်တာဝန်များကို ဖော်ပြထားရမည်။

သဘောတူစာချုပ်ထဲတွင် အိမ်တွင်းအလုပ်သမား၏ တာဝန်များကို ရည်ညွှန်းပြထားသည့်နေ့စဉ် အလုပ်ကိစ္စ၊ ချက် ပြုတ်ခြင်း၊ မိသားစုအတွင်းသက်ကြီးရွယ်အိုများကို စောင့်ရှောက်ခြင်း၊ ကလေးထိန်းခြင်းနှင့် ကလေးကိုစောင့်ရှောက်ခြင်းများဖြစ်သည်။ အိမ်တွင်းအလုပ်သမားအနေဖြင့် တခြားသောအလုပ်များ

လည်းပါဝင်နိုင်သည်။ ဒါပေမယ့် အလုပ်သမားနှင့် အလုပ်ရှင်အကြား စာချုပ်လက်မှတ်ရေးထိုးသည့် အချိန်ကတည်းကသဘောတူညီမှုရှိရမည်။ အဲဒီ အဓိပ္ပါယ်ကတော့ အလုပ်မစဆင်းခင်ကတည်းကအလုပ်ရှင်နှင့် အလုပ်သမားနှစ်ဘက်စလုံးအတွက် အိမ်တွင်းအလုပ်သမား၏ လုပ်ဆောင်ရမည့် တာဝန်များကို ရှင်လင်းဖော်ပြထားခြင်းဖြစ်သည်။

သဘောတူစာချုပ်၏သက်တမ်းသည်(၂)နှစ်ဖြစ်သည်။ အလုပ်ရှင်နှင့် အလုပ်သမားနှစ်ဘက်လုံးကနောက်ထပ် (၂)နှစ်စာချုပ်အတွက် သဘောတူလျှင်သက်တမ်းတိုးနိုင်သည်။ လက်ရှိအမျိုးသမီးများအတွက် ဖွံ့ ဖြိုးတိုးတက်ရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂရန်ပုံငွေအဖွဲ့ကအလုပ်ရှင်နှင့် အိမ်တွင်းအလုပ်သမားကြားအရည်အသွေးပြည့်ဝသည့် သဘောတူစာချုပ်ထွက်ပေါ်လာ အောင်လုပ်ဆောင်နေသည်။ ဘယ်လိုအတိုင်းအတာပဲ ဖြစ်ဖြစ် အိမ်တွင်းအလုပ်သမားတွေအတွက်ကိုယ်ပိုင်အလုပ်သမားသမဂ္ဂ သို့မဟုတ် အဖွဲ့အစည်းသီးသန့်မရှိလျှင် အလုပ်ရှင်တွေအနေဖြင့်သဘောတူစာချုပ်ကို လိုက်နာလိမ့်မည် မဟုတ်။ သဘောတူစာချုပ်ကို အလုပ်ရှင်လိုက်နာ မလိုက်နာကြောင်းကိုအလုပ်သမားတစ် ဦး တစ်ယောက်တည်းဖြင့်ဆောင်ရွက်နိုင်မည်မဟုတ်။ လက်ရှိထိုင်းနိုင်ငံအတွင်းရွှေ့ပြောင်းအလုပ်သမားများသည် သမဂ္ဂများတွင်ပါဝင်ခွင့်ရှိသည်။ ဒါပေမယ့် သမဂ္ဂ ကိုတည်ထောင်ခွင့်မရှိ။ မိမိတို့ရသင့်ရထိုက်သောအခွင့် အရေးများကိုကာကွယ်ထုတ်ဖော်ဆောင်ရွက်ရန်အကောင်းဆုံးနည်းလမ်းကတော့ အိမ်တွင်းအလုပ်သမား တွေ အတူတကွပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်သည်။

၁။ အစိုးရ၏မူဝါဒတွင် အလုပ်သမားကဒ်ကို အလုပ်ရှင်ကသိမ်းဆည်းထားခြင်းမရှိရ။ အလုပ်သမားသည် မိမိ၏ကိုယ်ပိုင်အလုပ်သမားကဒ်၊ သက်တမ်းတိုးကဒ်နှင့် ကျန်းမာရေးကဒ်များကို လက်ဝယ် ကိုင်ဆောင်ခွင့်ရှိသည်။

၂။ ဒီအပိုင်းကို အကူအလုပ်သမားအဖြစ် လုပ်ကိုင်နေကြသောသူထံသို့ က နှိပ်တို့လွှဲအပ်သည်။ အဘယ်ကြောင့် ဆိုသော် ဟောင်ကောင်တွင် အိမ်တွင်းအလုပ်သမားကို အကူအလုပ်သမားဟုခေါ်ဆိုသည်။ သင့်အား မည်သည့် အမည်ခေါ်ခံချင်ပါကြောင်း (အိမ်တွင်းအလုပ်သမား (သို့မဟုတ်) အကူအလုပ်သမား) မက်(ပ်)ဖေါင်ဒေးရှင်ထံသို့ ပေးပို့ပါရန် ပန်ကြား အပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အိမ်တွင်းအလုပ်သည် အလုပ်ဟု အသိအမှတ် ပချင် သောကြောင့်ဖြစ်သည်။



# လုပ်ငန်းခွင်တွင်းဘေးကင်းလုံ ခြုံခြင်း

အလုပ်လုပ်သည့်နေရာမှာမည်သည့်အသက်မွေးဝမ်းကျောင်းအလုပ်ပင်ဖြစ်စေအလုပ်ခွင်အတွင်းသော်လည်းကောင်း၊ အလုပ်လုပ်ပြီးနောက်ပိုင်းတွင်ဖြစ်စေဘေးအန္တရာယ်များဖြစ်ပေါ်တတ်ပါသည်။

ဘေးအန္တရာယ်ဖြစ်ပေါ်တဲ့နေရာမှာ တခါတရံမိမိရဲ့ပေါ့ဆမှုကြောင့်ဖြစ်ပြီး၊ တခါတရံမှာအလုပ်အကိုင်သုံးပစ္စည်းအသုံး ပနည်းများကိုကောင်းကောင်းနားမလည်ခြင်းကြောင့်နှင့် အလုပ်သမားများမှာလည်းကာကွယ်နည်းများမသိခြင်းကြောင့်ဖြစ်သည်။ မည်ကဲ့သို့ဆိုစေသတိထားခြင်းမှာအ ကောင်းဆုံးဖြစ်ပြီး၊ ဤလက်စွဲစာအုပ်တွင်အိမ်ထဲ၌အလုပ်လုပ်သောသူများတွင်ဖြစ်ပေါ်တတ် သောဘေးအန္တရာယ်များကိုဖေါ်ပြချင်ပါသည်။ အဘယ်ကြောင့်ဆိုသော်အိမ်တွင်းအလုပ်သည်အလုပ်ခွင်တွင်းစွန့်စားရင်ဆိုင်မှုများလှပေသည်။ ဆပ်ပြာမှုန့်၊ ကြမ်းပြင်သန့်ရှင်းရေး သုံးဆေးရည်၊ ရေအိမ်သာသန့်ရှင်းရေးသုံးဆေးရည်အစရှိသောဓါတုဗေဒပစ္စည်းများဖြင့်ထုတ်လုပ်ထားသောပစ္စည်းများကို အမြဲထိတွေ့အသုံး ပရခြင်းနှင့်အချို့သောပစ္စည်းများမှာ အင်မတန်ပြင်းသောဓါတုဗေဒပစ္စည်းများအသုံး ပထားခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့်မှန်ကန်သောအသုံး ပနည်းများနားလည်သဘောပေါက်ခြင်းနှင့်ထိုအတိုင်းလုပ်ဆောင်ခြင်းသည်ဘေးအန္တရာယ်မှကာကွယ်နည်းဖြစ်ပေသည်။

## ပစ္စည်းအမျိုးမျိုးအသုံးမ ပခင်သိသင့်သည့်အချက်များ

- အညွှန်းအားနားလည်အောင်ဖတ်ပြီးမှအသုံး ပခြင်း (အကယ်၍မဖတ်တတ်ခဲ့လျှင် အလုပ်ရှင်သို့မဟုတ် ထိုင်းစာဖတ်တတ်သူအားဖတ်ပြခိုင်းသင့်သည်)
- အခြားသောအရာများနှင့်ရောစပ်သုံးရမလားအစရှိသောအသုံး ပနည်းများကိုသိနားလည်ထားရမည်။
- အသုံး ပစဉ် ကာကွယ်မှုများ
- အသုံး ပပြီးနောက် သန့်ရှင်းရေးလုပ်ဆောင်မှုများ

## ဆပ်ပြာမှုန့်နှင့် သန့်ရှင်းရေးလုပ်ငန်းသုံးဆေးရည် (ပစ္စည်း)

■ အသုံး ပပြီးနောက်လက်ကိုသန့်စင် အောင်ဆေး ကြောသင့်ပြီး ခြောက်အောင်သုတ်ရမည်။

■ အသုံး ပချိန်တွင်ရာဘာလက်အိတ်စွပ်သင့်ပြီး၊ အသုံး ပပြီးနောက် (သို့မဟုတ်) ကိုင်တွယ်ပြီး တိုင်းရာဘာလက်အိတ်နှင့် လက်တို့အားဆပ်ပြာ၊ ရေတို့နှင့် အမြဲတမ်းဆေးကြောပေးရမည်။

■ ဆပ်ပြာမှုန့်၊ အသုံး ပဆေးရည်ပစ္စည်းများနှင့်မတည့်သူ (သို့မဟုတ်) အရေပြားတွင်ထိခိုက်ရှနာရှိသူတို့သည် ဆပ်ပြာမှုန့်တို့နှင့်ရောစပ်ထားသောအရည်၊ ပြစ်နေသောအရည်များနှင့်မထိတွေ့ သင့်ပေ၊ အကယ်၍စိတ်ချယုံကြည်မှုမရှိပါ ကအကာအကွယ် ပမည့်လက်အိတ်စွပ်သင့်သည်။ မတည့်သည့်လက္ခဏာများပေါ်ပါက ဆေးသူနာ ပများထံသို့သွားရောက်တိုင်ပင်သင့်သည်။

■ အကယ်၍မျက်လုံးထဲဝင်ပါက သက်သာစေရန်သန့်စင်သောရေဖြင့်အလျင် အမြန်ဆေးကြောပေးရမည်။ အကယ်၍မသက်သာပါက ဆေးသူနာ ပတို့နှင့်သွားရောက်တွေ့ဆုံသင့်သည်။

■ အကယ်၍ဆပ်ပြာမှုန့် (သို့မဟုတ်) သန့်ရှင်းရေးလုပ်ငန်းသုံးဆေးရည်များအားစားသုံးမိပါက မအန်ပါစေနှင့်၊ ရေ (သို့) နို့များများသောက်စေပြီးလူနာအားစားသုံးမိသောအရာ၊ အညွှန်းနှင့်အတူဆေးရုံဆေးခန်းသို့ အမြန်ဆုံးပို့ပေးရမည်။

■ စား (သောက်) သုံးခြင်းမ ပရ။

■ မျက်လုံးထဲဝင်ခြင်း၊ အရေပြားနှင့်ထိတွေ့မိခြင်း၊ ရှူရှိုက်မိခြင်းတို့အားသတိ ပပါ။

## ပိုးသတ်ဆေးများ

■ အသုံးမ ပခင် လူနှင့်တိရိစ္ဆာန်များကိုအခန်းအပြင်သို့ ထွက်စေရမည်၊ ပြတင်းပေါက်နှင့် တံခါးပေါက်များပိတ်ရမည်၊ ပြီးနောက်ဆေးဖြန်းမည့်သူသည် လက်အိတ်စွပ်ပြီး၊ နှာခေါင်းနှင့်၊ ပါးစပ်ကိုပိတ်စဖြင့်စည်းနှောင်ထားရမည်။ ဆေးဖြန်းပြီး ၁၅ မိ နစ်ခန့်အကြာတွင်ဆေးအနံ့အသက်နှင့်အာနိသင်များပြယ်စေရန် တခါးဖွင့်ထားပြီး၊ အခန်းပြင်ပလေမ တိုက်သည့်နေရာများတွင်ဆက်လက်ဖြန်းနိုင်သည်။

■ မီးဖိုဆောင် (သို့) အစားအစာချက် ပတ်ရာနေများတွင် အစားအစာနှင့် အသုံးအဆောင်ပစ္စည်းများ၊ အစားအစာ ပလုပ်ရာကြမ်းနေရာများအားဖုံးအုပ်ထားခြင်း (သို့မဟုတ်) ရွှေ့ပြောင်းထားရမည်။ အစားအသောက်ပြင်ဆင်နေချိန်တွင် ဆေးဖြန်းခြင်းမ ပအပ်။ ဆေးဖြန်းပြီးနောက်ပိုင်းအစားအသောက်ပြင်ဆင်ရာနေရာရှိ ကြမ်းပြင်များကို သန့်ရှင်းရေး ပလုပ်ရမည်။

■ အသုံး ပပြီးတိုင်းဆပ်ပြာ၊ ရေတို့နှင့်သန့်စင်အောင်အမြဲဆေးကြောပေးရမည်။

■ ကလေးသူငယ်နှင့် လူမမာအခန်းများတွင် ဆေးမဖြန်းသင့်။

■ အရေပြားနှင့်ထိတွေ့ပါကရေများများဖြင့်ဆေးကြောပေးရမည်၊ အဝတ်အစားပေါ်ပေကျံခဲ့ပါက အမြန်ဆုံးချွတ်၍ အဝတ်အစားပြန်လဲပေးရမည်။

■ ရှူရှိုက်မိပါကလူနာအားဆေးရည်အသုံး ပထားသောနေရာမှ ခေါ်ထုတ်သွားရမည်။

■ အကယ်၍မျက်လုံးထဲဝင်ပါကသက်သာစေရန်သန့်စင်သော ရေနှင့်အမြန်ဆုံးဆေးကြောပေးရမည် သက်သာမှုမရှိပါကဆေးသူနာ ပများထံသို့သွားရောက် တွေ့ဆုံပြသရမည်။

■ စားသုံးမိပါက မအန်ပါစေနှင့် လူနာအားစားသုံးမိသောပိုးသတ်ဆေး၊ ဆေးအညွှန်းနှင့်အတူဆေးခန်း သို့အမြန်ဆုံးပို့ရမည်။

## ကြမ်းပြင်သန့်ရှင်းရေးသုံးဆေး (ကြမ်း တိုက်ဆေး)

■ စားသုံးခြင်းမ ပရ။

■ မျက်လုံးထဲဝင်ခြင်း၊ အရေအပြားနှင့်ထိတွေ့မိခြင်း၊ ရှူရှိုက်မိခြင်းများမဖြစ်စေရန်သတိ ပရမည်။

■ အသုံး ပစဉ်တွင် ရာဘာလက်အိတ်စွပ်ရမည်၊ ရာဘာဘွတ်ဖိနပ်စီးရမည်။ အသုံး ပပြီးနောက် (သို့မဟုတ်) ကိုင်တွယ်ပြီးနောက် ရာဘာလက် အိပ်၊ ရာဘာဘွတ်ဖိနပ်နှင့် လက်တို့ကိုဆပ်ပြာ၊ ရေတို့ဖြင့်သန့် စင်အောင်အမြဲဆေးကြောပေးရမည်။

■ အရေပြားနှင့်ထိတွေ့ပါက ရေများများနှင့်ဆေးကြောပေးရမည်။ အဝတ်အစားပေါ်ပေကျံခဲ့လျှင်အမြန်ဆုံးချွတ်ပစ်၍ ကိုယ်ခန္ဓာကိုဆပ်ပြာ၊ ရေတို့ဖြင့်အမြဲတမ်းဆေးကြောပေးရမည်။

■ မျက်လုံးထဲဝင်ခဲ့လျှင် သက်သာစေရန် သန့်စင်သောရေဖြင့် အမြန်ဆုံးဆေးကြောပေးရမည်၊ သက်သာမှုမရှိခဲ့လျှင်ဆေးရုံဆေးခန်းသို့သွားပြသရမည်။

■ သန့်ရှင်းရေးလုပ်ငန်းသုံးဆေးများအား စားသုံးမိပါက မအန်ပါစေနှင့် ရေ (သို့မဟုတ်) နို့များများ သောက်စေပြီး၊ စားသုံးမိသောဆေး၊ ဆေးညွှန်းနှင့်တကွလူနာအားဆေးရုံအမြန်ဆုံး ပို့ရမည်။

## ရေအိမ်သာသန့်ရှင်းရေး သုံးဆေး (အိမ်သာဆေးဆပ်ပြာ)

■ စားသုံးခြင်းမ ပရ၊ အကယ်၍စားသုံးမိပါကအသက်ဆုံးရှုံးနိုင်သည်။

■ အရေပြားအားလောင်ကျွမ်းစေနိုင်သည်၊ မျက်လုံးထဲမဝင်အောင်၊ အရေပြားမထိမိအောင်၊ မရှူရှိုက်မိအောင် အမြဲသတိထားရမည်။


■ အသုံး ပစဉ်တွင်ရာဘာလက်အိတ်စွပ်ပြီး၊ ရာဘာဘွတ်ဖိနပ်စီးထားရမည်၊ အသုံး ပပြီးနောက် (သို့) ကိုင်တွယ်ပြီးနောက် ရာဘာလက်အိတ်၊ ရာဘာဘွတ် ဖိနပ်နှင့် လက်တို့ကို ဆပ်ပြာ၊ ရေတို့နှင့် အမြဲတမ်းဆေးကြောပေးရမည်။

■ အကယ်၍မျက်လုံးထဲဝင်ပါကသန့်စင်သောရေနှင့် ၁၅ မိနစ်အကြာ သက်သာသည်အထိဆေးကြောပေးရမည်၊ သက်သာမှုမရှိပါကဆေးရုံ၊ ဆေးခန်းထံသို့သွားရောက်တွေ့ဆုံပြသရမည်။

■ အကယ်၍ရေအိမ်သာသန့်ရှင်းရေးသုံးဆေးအား စားသုံးမိပါ မအန်ပါစေနှင့် ရေ (သို့မဟုတ်) နို့များများသောက်စေပြီး လူနာအား စားသုံးမိသောဆေး၊ ဆေးညွှန်းတို့နှင့်အတူဆေးရုံသို့အမြန်ဆုံးပို့ရမည်။

■ အသုံးမ ပခင်နှင့်ပုလင်းပေါ်မှအညွှန်းကိုဖတ်ရှုရန်မမေ့ပါနှင့်။

## အသုံးမ ပသင့်သောအရာများ




၁။ ရေစိုနေသောလက်ဖြင့်လျှပ်စစ် ကားမီး၊ လျှပ်စစ်ပလပ်ပေါက်များကိုမနှိပ်ရ။




၂။ ပျက်စီးနေသော လျှပ်စစ်မီး ကားများကိုပြန်ပြီး မသုံးပါနှင့်။

၃။ မီးပလလယ်ပေါက်တစ်ခုထဲတွင်လျှပ်စစ်ကြိုးများစွာတွဲပြီးအသုံးမပြုပါနှင့်။ ဓါတ်လိုက်တတ်သည်။



၄။ မီးလောင်လွယ်သော စာရွက်၊ ဖယောင်းတိုင်စသည်တို့ကို မီးဖိုနှင့်ဝေးသောနေရာတွင်ထားပါ။




- ဆေးလိပ်တိုများကို ဆေးလိပ်ပြာခွက်ထဲတွင် သာစွန့်ပစ်ပါ။

## မီးကိုဘယ်လိုနည်းနဲ့ငြိမ်းအောင်သတ်မလဲ။



၁။ မီးသတ်ပုံးကို ဒေါင်လိုက်ထောင်မတ်ပြီး။



၃။ မီးသတ်ပုံးကို စနစ်တကျထားပြီး မီးသတ်ပါ။



၂။ မီးသတ်ပုံးအထက်တွင်ရှိသော ကြိုးကိုဆွဲထုတ်ပါ။




၄။ မီးသတ်ပုံးကို မီးနှင့်(၁)မှ(၁ 5)မီတာနှင့်ဝေးကွာသောနေရာမှာနေပြီး မီးသတ်ပါ။

# အလုပ်သမားများအား မတရားခိုင်းစေမှုအတွက် လျော်ကြေးငွေ

အလုပ်သမားများအား မတရားခိုင်းစေခြင်းသည် လူကုန်ကူးခြင်းနှင့်ဆက်နွယ်ပတ်သက်နိုင်ပေသည်။ သာသနာနှစ် ၂၅၃၇ (ခရစ် သက္ကရာဇ် ၁၉၈၄) တွင်ကျင်းပသောကမ္ဘာ့ကုလသမဂ္ဂအစည်းအဝေးတွင်အမျိုးသမီးနှင့်ကလေးများအား လူကုန်ကူးခြင်းအလုပ်ကိုအောက်ပါအတိုင်းပိုင်းခြားကန့်သတ်ထားသည်။

အလုပ်သမားများအားဥပဒေမဲ့နယ် ခြားဖြတ်ကျော်ရွှေ့ပြောင်းခြင်းနှင့်သိုဝှက်ထားမှုများသည် ဖွံ့ ဖြိုး ဆဲနိုင်ငံများနှင့်စီးပွား ရေးပြောင်းလဲနေသောနိုင်ငံများမှရွှေ့ပြောင်းကြခြင်းဖြစ်ပြီး အမျိုးသမီးနှင့် မိန်းမငယ်လေးများအားလိင်မှုကိစ္စနှင့် စီးပွားရေး ပလုပ်ငန်းအကျိုးအမြတ်များ ရရှိရန်၊ လူကုန်ကူးသူများနှင့် ဥပဒေချိုးဖောက်သူများ၏ အကျိုးအမြတ်ရရှိစေရေးအတွက်ကြောင့်အဖိနှိပ်ခံဘဝသို့ကျရောက်နေစေမှု၊ အလုပ်သမားများအား မတရားခိုင်းစေမှု၊ လိမ်လည်၍လက်ထပ်ထိမ်းမြားစေခြင်း၊ အလုပ်သမားများအားသိုဝှက်၍ငှားထားခြင်းနှင့်မွေးစား သားသမီးများအဖြစ်ကဲ့သို့လိမ်လည်ထားခြင်းစသည် ကဲ့သို့သောဥပဒေအားချိုးဖောက်သည့်အခြားသောလုပ်ရပ်များကိုပါဆိုလို သည်။

ထိုကုလသမဂ္ဂ၏ဆုံးဖြတ်ချက်တွင်ပင်အမျိုးသမီးများနှင့်ကလေးများအားပြည့်တန်ဆာအဖြစ်ရောင်း ရုံမကအခြားသောလူကုန်ကူးခြင်းနှင့်လုပ်ရပ်ပုံသ နံအမျိုးမျိုးကိုစုစည်း၍သတ်မှတ်ချက်ချထားပေသည်။ အမျိုးသမီးနှင့်ကလေးငယ်များအားနယ်ခြားလူကုန်ကူးခြင်းပြဿနာဖြေရှင်းရေးကော်မတီ၊ လက်ထောက်များ ရုံး (စစ်တိုင်းမှူးလက်ထောက်ရုံး)၊ ဝန်ကြီးချုပ်များရုံးမှ လူကုန်ကူးခြင်းအားအောက်ပါအတိုင်းအဓိပ္ပါယ်ဖွင့်ဆိုထားသည်။

လူကုန်ကူးခြင်းဆိုသည်မှာ တစ်ဦးတယောက်အားဖြင့်သော်လည်းကောင်း၊ လူတစ်စုအဖွဲ့အစည်းလိုက်သော်လည်းကောင်း အလုပ်သမားများအားရှာဖွေခြင်း၊ ရောင်းဝယ်ခြင်း၊ ဖြန့်ချီခြင်း၊ ခေါ်ယူပို့ဆောင်ခြင်း၊ လက် ခံထားခြင်း၊ ထိန်းချုပ်ထားခြင်း၊ အမျိုးသမီးနှင့်ကလေးငယ်များအားလိမ်လည်လည့် ဖြားခြင်းဖြင့်သော်လည်းကောင်း၊ ခြိမ်းခြောက်ခြင်းဖြင့်သော်လည်းကောင်း၊ အင်အားသုံးအကြမ်းဖက်ခြင်းကြောင့်သော်လည်းကောင်း၊ အာဏာ သုံး၍ဖိနှိပ်ချုပ်ချယ် ထားခြင်းနှင့် စိတ်ဒုက္ခရောက်အောင်လုပ်သောနည်းအမျိုးမျိုး၊ ထိုကဲ့သို့ သောလုပ်ရပ်များကိုပြည်တွင်းအုပ်ချုပ်ရေး၏လက်အောက်တွင်ကျူး



လွှန်ခြင်းဖြစ်စေ ပြည်ပဋ္ဌကျူးလွှန်ခြင်းဖြစ်စေ တို့ကိုလူကုန် ကူးခြင်းဟုသတ်မှတ်သည်။ ပြည့်တန်ဆာအလုပ်မျိုး၊ အလုပ်သမားများမတရားဖိနှိပ် အကြမ်းဖက်နှိပ်စက်၍လုပ်ခိုင်းခြင်းမျိုး၊ ကလေးသူငယ်များအားသူတောင်းစားအဖြစ်ရောင်းစားခြင်းမျိုး စသောဥပဒေချိုးဖောက်သည့်လုပ်ရပ်အမျိုးမျိုးကို အမျိုးသမီးနှင့် ကလေးသူငယ်များသည်မလွှန်ဆန်နိုင်သည့်အဆုံးတွင် လက်လျှော့၍လိုက်လုပ်ရသည့် ဘဝသို့ရောက်နေကြရသည်။

ယခုပစ္စုပ္ပန်ကာလတွင်လူကုန်ကူး ခြင်းသည် ဒေသပြောင်းအလုပ်ရှာခြင်း၏ တစိပ်တပိုင်း ဖြစ်နေသည်။ ထို့ကြောင့်သားကောင်များဖြစ်သည့်အလုပ်သမားများသည် မိမိမွေးရပ်မြေမှ ပွဲစားနှင့်အခြားသူများ၏ အမှုဆောင်မှုနှင့်နေရာ ရွှေ့ပြောင်းအလုပ်ရှာရန်အတွက်ဆုံးဖြတ်ခဲ့ကြပြီးမိမိခရီးဆုံးသောနိုင်ငံသို့ရောက်သောအခါတွင် မိမိသည်သူတပါးအကျိုးအမြတ်ရရှိရေးအတွက် အတင်းအကြပ်ခိုင်းစားခံနေရသောဘဝမျိုးသို့ကျရောက်နေမှန်းသိရသည်။ ထို့ကြောင့်လူကုန်ကူးခြင်းကိုအဓိပ္ပါယ်ဖွင့်ရာတွင်ကျွန်ကဲ့သို့ထားခြင်းစသည့်လုပ်ရပ်များနှင့် မတရားအကျပ်ကိုင်၍အလုပ်ခိုင်းစေခြင်းများပါဝင်သည်။

## ကျွန်ကဲ့သို့ထားစေခြင်း၏သတ်မှတ်ခြင်း

Slavery Convention 1926, Supplementry Convention on the Abolition of Slavery, the Slave Trade, and Institutions and Practices Similar to Slavery 1956 က ကျွန်ကဲ့သို့ထားခြင်းဆိုသည်ကို အောက်ပါအတိုင်းသတ်မှတ်ထားသည်။

■ ကျွန်ဖြစ်ခြင်းဆိုသည်မှာလူတဦးတယောက်၏နေထိုင်ရာအဆင့်အတန်းနှင့် ဘဝသည် အာဏာသုံး၍အုပ်စိုးကြီးမိုးနေမှုကို ခံစားနေရခြင်းဟုဆိုလိုသေည်။

■ အမျိုးသမီးလူကုန်ကူးခြင်းနှင့်ပတ်သက်သော ကမ္ဘာ့ကုလသမ္မဂသို့တင်ပြသည့်အစီရင်ခံစာတွင် အမျိုးသမီးလူကုန်ကူးခြင်းဆန့်ကျင်ရေးမဟာမိတ်များအဖွဲ့ (GAATW) မှမတရားအလုပ်ခိုင်းစေမှုနှင့်ကျွန်သကဲ့သို့ထားစေမှုများကို အောက်ပါကဲ့သို့သတ်မှတ်ချက်ချထားသည်။ မတရားအလုပ်ခိုင်းစေမှု၊ မတရားပကျုပ်ခြင်း၊ ဥပဒေနှင့်မကိုက်သော ပမှုမှုများနှင့်ကိုယ်ထိလက်ရောက်အကြမ်းဖက်အနိုင်ကျင့်မှု၊ အထက် စီးကျသောတာဝန်၊ ရာထူးအဆင့်အာဏာကို လိုသည်ထက်ပိုသုံးခြင်းများ၊ အင ကြေးတင်ခံနေရသည့်ဘဝမျိုး၊ လိမ်လည်ခြင်းနှင့် မတရားခိုင်းစေမှုမျိုးကို အခြား သောမတရားမှုအကြောင်းအမျိုးမျိုးတို့ဖြစ်သည်။

## ပြည်နယ်ကြားအလုပ်သမားများအဖွဲ့အစည်းဘောင်တွင်းမှပြည်နယ်ကြားစာချုပ်


ထိုင်းနိုင်ငံသည်ပြည်နယ်ကြားစာချုပ် ၁၂ခုတွင် အရေးပါသောနိုင်ငံဖြစ်ပေသည်။ သို့ပေမယ့် မတရားအ လုပ်ခိုင်းစေမှုနှင့်ပက်သတ်၍–

■ မတရားအလုပ်ခိုင်းစေခြင်းနှင့် ပတ်သက်သောစာချုပ် အမှတ် ၂၉ သာသနာနှစ် ၂၄၇၃ (သက္ကရာဇ် ၁၉၃၀)

■ မတရားအလုပ်ခိုင်းစေမှုအားရပ်တန့်စေသောစာချုပ် အမှတ် ၁၀၅ သာသနာနှစ် ၂၅၀၀ (ခရစ်သက္ကရာဇ် ၁၉၅၇) တို့ပါဝင်ပေသည်။

## မတရားအလုပ်ခိုင်းခံရသူသည်ခိုင်းစေသူအား ဥပဒေပုဒ်မ ၄၂၀ အရ အမှုစွဲဆိုနိုင်သည်

လူတဦးတယောက်သည် အခြားသူတဦးအားအသက်အန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက်ဒါဏ်ရာရစေခြင်း၊ လွတ်လပ်မှုထိခိုက်ဆုံးရှုံးစေခြင်း၊ ပိုင်ဆိုင်မှုဥစ္စာပစ္စည်းဆုံးရှုံးစေခြင်း တို့ကိုတမင်သက်သက်




ရည်ရွယ်လုပ်ဆောင်ပါက ပြစ်မှုကျူးလွန်ခြင်းဟုဆိုလို၍ ထိုပြစ်မှုကျူးလွန်သူ (ဥပဒေချိုးဖောက်သူ) သည်သူ၏လုပ်ရပ်အတိုင်းလျော် ကြေးငွေပြန်ပေးရမည်။

သူတပါးအားထိခိုက်ဆုံးရှုံးစေရန် ပလုပ်သူသည်နစ်နာသူအားသင့်တော်ရာနည်းဖြင့်နဂိုမူလအတိုင်းပြန်ဖြစ်စေရန်ပြန်လည် ပပြင်လျော်ကြေးပေးရမည်။ ပြစ်မှုသည်အောက်ပါပုံစံများကဲ့သို့ဖြစ်သည်။

***(က) စိတ်ဆန္ဒအလိုက်ကိုယ်ထိလက်ရောက်လုပ် ခြင်း (သို့) ပေါ့ဆခြင်း။*** ထို့ကြောင့်သတိအပြည့်အဝထားသည့်ကြားမှသူတပါးအားမတော်တဆထိခိုက်ဆုံးရှုံးစေခြင်းမျိုးကို တာဝန်ယူရန်မလိုပေ။ ဥပမာ အားဖြင့်စားသောက်ဆိုင်၏လုပ်ငန်းချိန်တွင်းမှစားပွဲထိုးတယောက်သည် ပူလျှံသည့်ဟင်းဘွယ်များကိုစားသုံးသူလာရောက်ညေ့်ခံရန်သယ်ယူလာစဉ်ဆိုင်သို့လာသောသူတဦးမှမတွေ့မိဘဲအလောတ ကြီးဝင်လာခြင်းကြောင့်ဟင်းရည်ပန်းကန်လုံးအားတိုက်မိ၍မိမိ၏ခြေထောက်ပေါ်ဟင်းရည်ဖိတ်ကျမိသဖြင့်ဒဏ်ရာရခြင်းမျိုးတွင်ဒဏ်ရာရသူသည်အမှုစွဲဆို၍မရနိုင်ပေ။

***(ခ) ပြစ်မှုကျူးလွန်ခြင်း (ဥပဒေချိုးဖောက်ခြင်း) ။*** ပကတိအမှန်အားဖြင့် ဥပဒေသည်ပြည်သူလူသားတို့၏အသက်၊ အိုးအိမ်စည်းစိမ်နှင့် ဂုဏ်သရေ တို့ကိုအကာအကွယ် ပပေးပြီးဖြစ်သည်။ ထို့ကြောင့်တို့အားပိုင်ဆိုင်မှုမရှိ၊ ရပိုင်ခွင့်လုပ်ပိုင်ခွင့်မရှိဘဲသွားရောက်ချိုးဖောက်ခြင်းသည် ဥပဒေချိုးဖောက်မှု (ပြစ်မှုကျူးလွန် ခြင်း) ဟုသတ်မှတ်ပေသည်။

***(ဂ) ဥပဒေအာမခံထားသောအရာများကိုချိုး ဖောက်ခြင်း။*** အသက်အန္တရာယ်ထိခိုက်စေခြင်း၊ထိခိုက်ဒါဏ်ရာရစေခြင်း၊ လွတ်လပ်မှုကိုထိခိုက်ဆုံးရှုံးစေခြင်း၊ ဥစ္စာပစ္စည်းပိုင်ဆိုင်မှုများကိုထိခိုက်ဆုံးရှုံးစေခြင်း၊ အခွင့်အရေးတစုံတရာတို့ကိုထိခိုက်ဆုံးရှုံးစေခြင်းစသည် သို့မဟုတ်သည့်အခြား သောလုပ်ရပ်များကိုပြစ်မှုကျူးလွန်ခြင်း (ဥပဒေချိုးဖောက်ခြင်း) ဟုမဆိုနိုင်ပေ။

***(ဃ)ထိခိုက်ဆုံးရှုံးစေခြင်း။*** အပြစ်ကျူးလွန်သူသည်တစုံတရာထိခိုက်ဆုံးရှုံးမှု မျိုးကိုပြန်လည် ပပြင်လျော်ကြေးပေးရမည်ဖြစ်သည်။ ထိခိုက်ဆုံးရှုံးမှုမရှိပါကပြန်လည် ပပြင်ပေးရန် လျော်ကြေးပေးရန်မလိုပေ။ ဥပမာ–မော်တော်ဆိုင်ကယ်စီးသူသည် ၏ ပေါ့ဆခြင်းကြောင့် ကုန်ကားအားဝင်တိုက်ပြီးဆိုင်ကယ်ပျက်စီး၍ ထိုသူဒါဏ်ရာရပေသည် သို့ပေမယ့်ကုန်ကားတွင် ပျက်ဆီးမှုတစုံတရာမရှိ ဤပုံစံတွင်ကုန်ကားပိုင်ရှင်သည် တရားစွဲဆိုခွင့်မရှိပေ။ အဘယ်ကြောင့်ဆိုသော် သူတပါး၏ပေါ့ဆမှုဖြင့်မိမိတွင်ပျက်

ဆီးဆုံးရှုံးမှုမရှိသောကြောင့်ဖြစ်သည်။

***(င) ဖြစ်မှုကျူးလွန်ခြင်းနှင့် အမှုနှင့်ဆက်နွယ်ပက်သက်နေခြင်း။*** ဖြစ်ပေါ်သော ထိခိုက်ဆုံးရှုံးမှုတွင်ဆုံးရှုံးမှုပမာဏ တွေ့မြင်မှန်းဆတွက်ချက်နိုင်ရမည်။ ပုံမှန်မဟုတ်သောဆုံးရှုံးမှုများကို ဥပဒေနည်းဖြင့်လျော်ကြေးပေးမည်မဟုတ်။

***(စ) သူတပါး၏လုပ်ရပ်အား အစားထိုးတာဝန် ခံခြင်း။***
ဤအကြောင်းအရာမှာတစုံတဦးသည်ဖြစ်မှုတိုက်ရိုက်ကျူးလွန်ခြင်းမရှိပေမယ့် လုပ်ရပ်ကိုတာဝန်ယူရမည်ဟု ဥပဒေကချမှတ်ထားသည်။ အဘယ်ကြောင့်ဆိုသော်ထိုသူသည်ဖြစ်မှုကျူးလွန်ထားသူ၏ လုပ်ရပ်မှအကျိုးအမြတ်ရရှိသူ (သို့မဟုတ်) ထိုသူသည် ဖြစ်မှုကျူးလွန်သူအား ထိန်းသိမ်းကြည့်ရှုရန်တာဝန်ရှိသူ၊ အုပ်ထိန်းသူဖြစ်ခြင်းကြောင့်ဖြစ်သည်။

**ဆိုလိုသည်မှာ–**

*၁) ခိုင်းစေမှုအတိုင်း ကျူးလွန်ခဲ့သော ဖြစ်မှုတွင်အလုပ်ရှင်သည်အလုပ်သမား၏ကျူးလွန်မှုကိုတာဝန်ယူရမည်။*

*၂) ခိုင်းစေသူသည် ဖြစ်မှုကျူးလွန်သူ၏အပြစ်ကိုတာဝန်ယူရမည်။*

*၃) ဖြစ်မှုကျူးလွန်ခိုင်းသောအပိုင်း၊ လုပ်ခိုင်းခြင်း၊ လူ မိုက်ငှားခြင်းအဖြစ်မှလွဲ၍ လူမိုက်ငှားသူသည် လူမိုက်၏ ဖြစ်မှုကျူးလွန်ခြင်းကို တာဝန်ယူရန်မလိုပေ။*

*၄) မိခင်၊ ဖခင် (သို့မဟုတ်) အုပ်ထိန်းသူသည် လူငယ်၏အပြစ်ကျူးလွန်မှု (သို့မဟုတ်) လူမိုက်အ ငှားရှာမှုကိုတာဝန်ယူရမည်။*

*၅) ဆရာ၊ အလုပ်ရှင် (သို့မဟုတ်) အုပ်ထိန်းသူသည် လူငယ်နှင့် မသိနားမလည်သူတို့၏ ဖြစ်မှု ကျူးလွန်မှုကိုတာဝန်ယူရမည်။*

## ထိခိုက်ဆုံးရှုံးခြင်းအတွက် ပြန်လည်တုံ့ပြန်မှု–

### (၁) လုပ်ဆောင်ခိုင်းစေခြင်း။

ကျူးကျော်ခြင်းပုံစံသဘောမျိုးနှင့် ခွင့် ပချက် မရဘဲ တပါးသူ၏ နယ်မြေထဲသို့ဝင်သွားခြင်းကို တရားရုံးက ထိုနေရာမှထွက်ခွာသွားရန်တရားစီရင်မိန့်ပေးနိုင်သည်။ တပါးသူအား စော်ကားမော်ကား ပြောဆိုခြင်းအတွက် တရားရုံးက နေ့စဉ်သတင်းစာထဲသို့ တောင်းပန်စကားထည့်ရန် တရားစီရင်မိန့်ပေးနိုင် သည်။

### (၂) လုပ်ဆောင်မှုများ တားမြစ်ပိတ်ပင်ခြင်း။

ခွင့် ပချက်မရဘဲ တပါးသူ၏အ မှတ်တံဆိပ် ကို မိမိ၏စီးပွားရေးလုပ်ငန်းတွင် လာရောက်သုံးစွဲခြင်း၊ အသံချဲ့စက်ကို အိမ်နီးနားခြင်းအနှောက်အယှက်ဖြစ်အောင် အရမ်းဖွင့်ခြင်းများအတွက် တရားရုံးမှ ထိုလုပ်ရပ်များကိုပိတ်ပင်တားမြစ်နိုင်သည်

### (၃) အခလျော်ကြေးငွေ။

*ဆိုလိုသည်မှာ ဖြစ်မှုကျူးလွန်သူထံမှထိခိုက်ဆုံးရှုံးမှုအတွက်လျော်ကြေးငွေတောင်းခြင်း–*

က) အသက်ဆုံးရှုံးမှု၊ ကိုယ်အင်္ဂါအစိတ်အပိုင်းဆုံးရှုံးမှု၊ ထိခိုက်ဒါဏ်ရာရမှု၊ လွတ်လပ်ခွင့်ဆုံးရှုံး မှုများနှင့်ပတ်သက်သော လျော်ကြေးငွေ၊ ဆေးကုသခနှင့် ခရီးစရိတ်။ ဒါဏ်ရာရနေချိန်တွင် မိမိ အသက်မွေးဝမ်းကြောင်းအလုပ်မှပြတ်တောက်သွားသော ရသင့်ငွေအစရှိသည်နှင့်ဒါဏ်ရာရနေချိန်တွင်းကုန်ကျစရိတ်များ၊ စိတ်ပိုင်းဆိုင်ရာအလွန်အမင်းထိခိုက်မှုအတွက်လျော်ကြေးငွေ (သို့မဟုတ်) ကိုယ်ခန္ဓာအစိတ်အပုင်းဆုံးရှုံးမှုအတွက်လျော်ကြေးငွေများတောင်းခံနိုင်သည်။ လွတ်လပ်ခွင့်ချိုးဖေါက်မှုများ၊ ဂုဏ်သရေထိခိုက်စေသည့်လုပ်ရပ်များစသည့် တွက်ချက် ၍မရနိုင်သော ဆုံးရှုံးမှုမျိုးကို တရားရုံးမှဖြစ်မှုအတိုင်းအတာပေါ်မူတည်ပြီးလျော်ကြေးပေးစေနိုင်သည်။

ခ) ပစ္စည်းဥစ္စာဆုံးရှုံးမှုအတွက် ပျက်စီးဆုံးရှုံးရာအတိုင်း ပြန်လည် ပပြင်ခိုင်းစေနိုင်ပြီး အားလုံးပျက်စီးဆုံးရှုံးမှုအတွက် တန်ရာတန်ကြေးအတိုင်း လျော်ကြေးငွေပြန်တောင်းနိုင်သည်။ ဥပဒေတွင်ပစ္စည်းဥစ္စာဆုံးရှုံးမှု နှင့် လိမ်လည်မှုဥပဒေပုဒ်မ ၄၃၈ ပြဋ္ဌာန်းထားသည်မှာ အခလျော်ကြေးငွေဘယ်လောက်ဘယ်နေရာပေးရမည်ကိုဖြစ်မှုကြီးငယ်မှုပေါ်မူတည်၍တန်ရာတန်ကြေး

အ တိုင်း တရားရုံးမှ ဆုံးဖြတ်ချက်ချပေးစေပြီး ဤကဲ့သို့ သောအမှုမျိုးကိုလျော်ကြေးဆုံးဖြတ်မှုနည်းဖြင့်သုံး သည်။

### *အမှုသက်တမ်း*

(၁) နစ်နာသူမှ ပြစ်မှုကျူးလွန်သူ၊ လျော်ကြေး အတင်းပေးပြီးဖြေရှင်းမည့်သူကို စသိသည့်နေ့မှစ၍ တစ်နှစ်အတွင်း အမှုစွဲဆိုခွင့်သုံးရမည်။

(၂) မည်ကဲ့သို့ပင်ဖြစ်စေ ပြစ်မှုကျူးလွန်သည့်နေ့ မှစ၍ ၁၀ နှစ်မပိုစေရ။

### အလုပ်သမားများဆိုင်ရာဥပဒေနှင့် ပတ်သက်သော ဥပဒေပုဒ်မ

■ ဥပဒေပုဒ်မ ၁၄၄ အလုပ်ရှင်မှ ဥပဒေဖေါက် ဖျက်ခြင်း (သို့မဟုတ်) ဥပဒေပုဒ်မ ၇၀ (လုပ် အားခ၊ အချိန်ပိုလုပ်အားခ၊ နားရက်အတွင်း လုပ်ရသောလုပ် အား ခနှင့်အလုပ်နားရက်တွင်လုပ်ရသောအချိန်ပိုလုပ် အားခ)။ ပုဒ်မ ၇၆ (လုပ်အားခ၊ အချိန်ပိုလုပ်အားခ၊ နားရက်တွင်အလုပ် လုပ်ရသော လုပ်အားခ၊ နားရက် တွက်လုပ် ရသော အချိန်ပိုလုပ်အားခဖြတ်ခြင်း)၊ ပုဒ်မ ၁၁၈ အပိုဒ် ၁ (အလုပ်သမားအဖြစ်မှဖြုတ်ခြင်းအ တွက်လျော် ကြေးငွေ)အ စရှိသည့် ဥပဒေပုဒ်မအတိုင်း မလိုက်နာပါကထောင်ဒဏ်၆လ ထက်မပို (သို့မဟုတ်) ဒဏ်ငွေ ဘတ် ၁၀၀၀၀၀ (သို့မဟုတ်) ငွေဒဏ်နှင့် ထောင်ဒဏ်။

■ အလုပ်သမားများအား မတရားခိုင်းစေခြင်း တွင်ချုပ်နှောင် ခြင်း၊ အကျယ်ချုပ်ခြင်းကဲ့သို့ သော လွှတ် လပ်ခွင့်ဆုံးရှုံးစေခြင်း၊ ကိုယ်ထိလက်ရောက် အကြမ်းဖက်ညှင်းပမ်းနှိပ်စက်ခြင်းများရှိပါ က၄င်းနှင့် ပတ်သက် သော ဥပဒေသည်လည်း ထပ်ပိုလာသည်။ ဆိုလိုသည် မှာကြီးလေးသောအမှု နှင့် မကြီးလေး သောအမှုအတွက်ဥပဒေထပ်မံဖြည့် ဆည်းမှုများရှိ သည်။ အလုပ်သမားနှင့်ပတ်သက်သောအမှုကျူး လွန်ရာတွင်လည်း ကြီးကြပ်စောင့်ရှောက်ရေးနှင့် အာမခံချက်လုပ်ငန်းတရားရုံးတင်ခြင်းနှင့် တရားရေးစီ စစ်နည်းထုံး သာသနာ နှစ် ၂၅၂၂ ဥပဒေပုဒ်မ ၈ နှင့် လည်းပါဝင်ဆက်နွယ်သည်။

■ ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုနှင့် ပစ္စည်းဥစ္စာဆုံးရှုံးစေမှု အမှုနှစ်ခုတွဲနေသော အပိုင်းတွင် နစ်နာသူအားလျော်ကြေးပြန်ပေးရမည်။ ပြစ်မှုကျူး လွန်သူမှာလည်း ဘယ်လောက်လျော်ကြေးပေးမည်ကို ကိုယ်တိုင်သတ်မှတ်၍မရပေ။ ဆုံးရှုံးသူမှာလည်း မိမိ မှာဘယ်လို ဘယ်လောက်ဆုံးရှုံးသည်ကိုကြည့်ရမည်။ အချို့သောဆုံးရှုံးမှုများတွင် လျော်ကြေးနှင့်ပေး၍မရနိုင် ပေ။ လျော်ကြေးငွေသည်လည်းပြစ်မှုကျူး လွန်သူ၏ လျော်ကြေး (သို့မဟုတ်) အာမခံချက်လုပ်ငန်း၏လျော် ကြေးဟူ၍ရှိသည်။ သင်၏အပိုင်းတွင်ဤကဲ့သို့နှစ်ပိုင်း ခွဲခြားနိုင်သည်–

၁) ကိုယ်ထိလက်ရောက်အကြမ်းဖက်မှုတွင် တရားရုံး








မှစစ်ဆေးပြီး တရားစီရင်အပြစ်ဒါဏ်ပေးခြင်း မှလျော့ချစေရန် အသနားတောင်းခံခွင့်ရှိသည်။

၂) ပစ္စည်းဥစ္စာ ဆုံးရှုံးမှုတွင် နစ်နာသူသည် ထိုလျော်ကြေးငွေမလုံလောက်လျှင် ထပ်မံတောင်းဆိုနိုင်သည်။

■ တရားရုံးမှ အမှုစစ်ဆေးရာတွင်လည်းနှစ်ဦးနှစ်ဖက်စ လုံး တရားမျှတစေရန် တရားလို တရားခံနှစ်ဖက်မှ ရှေ့နေများ တရားရုံးသို့တင်ပြသော အမှန်တရားနှင့် ဆုံးရှုံးမှုပမာဏအတိုင်း စစ်ဆေးသုံးသပ်ဆုံးဖြတ်နိုင်သည်။

■ မည်ကဲ့သို့ဆိုစေနစ်နာသူအများစုသည် ဆင်းရဲသောသူများဖြစ်ကြပြီး ဆုံးရှုံးမှုအတိုင်း ဥပဒေနည်းအရ အမှုဖွင့်လျော်ကြေးငွေတောင်းဆိုနိုင်သည် ဆိုသော်လည်းပြဿနာမှာ အမှုဖွင့်ဆိုရာတွင် အသုံးစရိတ်ကြီးမားလှသည်။ အမှုဖွင့်ဆိုခြင်းစရိတ်၊ ရှေ့နေနှင့် ပတ်သက်သော အသုံးစရိတ်၊ အထွေထွေ အသုံးစရိတ်များစသည်တို့ပင်မက အမှုသည်၏ ဆွေမျိုးနှင့် နီးစပ်ရာမိတ်ဆွေများသည်လည်း အမှုသည်ဆေးကုသနေစဉ်၊ တခါတရံဒုက္ခိတဘဝနှင့် စိတ်ပမ်း လူပမ်းဖြစ်နေချိန်များတွင်လည်း ဆေးကုသခနှင့် ကျွေးမွေးရန်အတွက်တာဝန်ကြီးတရပ်ကို လက်ခံထားရမည်ဖြစ်သည်။ နစ်နာသူတွင်လည်း မိမိအသက်အိုးအိမ်စည်းစိမ်အ တွက် အနိုင်ကျင့်ခံနေရသည့် ဘဝတလျှောက်လုံးတရားရုံးတင်စစ်ဆေးနေသည့်အချိန်တွင်လည်းတရားရေးရင်ဆိုင်မှု၏သားကောင်အဖြစ်သို့ ပြန်လည် ကျရောက်နိုင်သည်။ ရဲဌာန၊ စစ်ဆေးရေးဌာနသို့ အမှုဖွင့်သွားရောက် တိုင်တန်းချိန်တွင်လည်းကိုယ်ကနစ်နာသူဖြစ်လင့်ကစားတာဝန်ရှိသူတို့၏ မပြေပြစ်သောအပြောအဆိုများနှင့် အလျင်အမြန်အဆင်ပြေအောင် မလုပ်နိုင်ခြင်းများခံရတတ်သည်။ တခါတရံတွင်ချိုးနှိမ်သော ပမှုပုံနှင့် စကားလုံးများကြောင့် နစ်နာသူ၏စိတ်ဓါတ် ကို နစ်ဆပိုမို ထိခိုက် စေသည်။ ဥပမာအားဖြင့် မတရား ပကျင့်ခံရသူသည် တရားရေးရင်ဆိုင်ရာတွင် အမှုစစ်ဆေးရေးတာ ဝန်ခံများ အမှုစစ်စဉ်နှင့် ရှေ့နေကိုယ်စားလှယ်များထပ် မံစစ်ဆေးစဉ်၊တရားခံဖက်မှ ရှေ့နေ၏ တရားရုံးတွင်း ငြင်းဆိုမှုများ၊ တရားရုံး၏ တရားစစ်ဆေးသုံးသပ်မှုများ၊ တရားရုံး၏ စစ်ဆေးချက်ထက်လျော့နည်း၍တရားခံအား ဒါဏ်ပေးခြင်းစသည်တို့မှ အစတရားရေးတွင်အရှုံးဖက်မှနေ၍ အရှက်ရတတ်လေသည်။ လွန်ခဲ့သောအချိန်များတွင် ထိုင်းနိုင်ငံ၌ မတရားအလုပ်ခိုင်းစေမှုအတွက် အမှုဖွင့်တိုင်တန်း၍လျော်ကြေး တောင်းခံခြင်းများသိပ်မရှိခဲ့ပေ။ အကယ်၍ ထိုသို့လုပ် ဆောင်မှုများ ရှိခဲ့မည်ဆိုလျှင် သင်သည် ရှေ့နေများ လွတ်တော်မှ ဥပဒေဆိုင်ရာ အကူအညီများတောင်း ရမည်။ (သို့မဟုတ်) ဥပဒေနှင့် လူ့အခွင့်အရေးဆိုင်ရာလုပ်ငန်းလုပ်သောအခြားအဖွဲ့အစည်းများထံအကူအ ညီတောင်းရမည်။

# အလုပ်သမားများ ခရီးသွားလာခွင့်

***ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီး ဌာန၏ ထုတ်ပြန်ကြေငြာချက်အရ–***


**အလုပ်ရှင်သည် မိမိ၏အိမ်တွင်းရှိအလုပ်သမားအား အောက်ပါအ ခြေအနေမျိုးတွင်သာမိမိနှင့်အတူခရီးသွားလာရန် ခေါ်ဆောင်ခွင့်ရှိသည်။**

**၁။** အလုပ်သမား၏ အလုပ်အကိုင်သည် အိမ်တွင်းအလုပ်သမား (အိမ်ဖော်) ဖြစ်ခြင်းနှင့် ခရိုင်ပြင်ပထွက်ခွာရာတွင် မိမိအလုပ်ရှင် သို့မဟုတ် အလုပ်ရှင်၏ဇနီး၊ ခင်ပွန်းနှင့်သာအတူ လိုက်ပါရမည်။ သက်ဆိုင်ရာမှစစ်ဆေးသည့်အခါတိုင်းတွင် အလုပ်သမားမှတ်ပုံတင်ကဒ်ပြသရမည်။

**၂။** အောက်ပါအရေးပေါ်ကိစ္စများကြောင့် မိမိကိုယ်ရေးရာဇဝင် (နေထိုင်ခွင့်လက်မှတ် ထောရော ၃၈ ၁ ) ပလုပ် ထားသော ခရိုင် သို့မဟုတ် အလုပ်လုပ်ခွင့်ရထားသော ခရိုင်မှ မဖြစ်မနေထွက်ခွာရခြင်း၊



- တရားဥပဒေ ရင်ဆိုင်ရန် ခေါ်စာလက်ခံရရှိခြင်း
- တရားရုံးတွင် သက်သေအဖြစ် ထွက်ဆိုရန်လို အပ်ခြင်း
- ရဲစခန်းမှ ခေါ်စာလက်ခံရရှိခြင်း
- သက်ဆိုင်ရာ အလုပ်သမားဝန်ကြီး ဌာန၏ခွင့် ပ ချက်ရထားသော ဌာနဆိုင်ရာမှ ခေါ်စာ သို့မဟုတ် အခြားခရိုင်ရှိဆေးရုံတွင် တက်ရောက်ကုသရန်လိုအပ်ခြင်း








***ယူဆောင်သွားရမည့် စာရွက်စာတမ်းများမှာ–***

၁) ထိုင်းပြည်ထဲရေး ဌာနမှ ယာယီနေထိုင်ခွင့် ပထားသော လက်မှတ် (ထောရောဝ ၃၈ ၁ ပုံစံ)

၂) အလုပ်သမားမှတ်ပုံတင်ကဒ်။

၃) တရားရုံး (သို့မဟုတ်) ရဲစခန်းဖက်မှခေါ်စာ။

၄) ဆေးရုံထောက်ခံစာ (ဆေးရုံတက်ရမည့်အခါ )

၅) ကိုယ်စားလှယ်လွှဲစာ

မိမိ၏အလုပ်ရှင်မှ ကိုယ်တိုင်သွားရောက်ပို့ဆောင်နိုင်ခြင်းမရှိသည့်အခါတွင် တစ်ပါးသူအားလိုက်ပါပို့ဆောင်ရန် လွှဲပြောင်းပေးရမည်။

**ထိုင်းနိုင်ငံပြည်ထဲရေးဝန်ကြီး ဌာန၏ထုတ်ပြန်ကြေညာချက်မိတ္တူအစစ်ကို တစ်ဖက်စာမျက်နှာတွင်ကြည့်ရှုနိုင်ပါသည်။**

ประกาศกระทรวงมหาดไทย

เรื่อง การอนุญาตให้คนต่างด้าวบางจำพวกเข้ามาอยู่ในราชอาณาจักรเป็นกรณีพิเศษ

---

อาศัยอำนาจตามความในมาตรา ๑๗ แห่งพระราชบัญญัติคนเข้าเมือง พ.ศ. ๒๕๒๒ รัฐมนตรีว่าการกระทรวงมหาดไทยโดยอนุมัติของคณะรัฐมนตรีตามมติคณะรัฐมนตรี เมื่อวันที่ ๑๐ พฤษภาคม ๒๕๔๘ ออกประกาศไว้ ดังต่อไปนี้

ข้อ ๑ คนต่างด้าวที่ได้รับอนุญาตให้เข้ามาอยู่ในราชอาณาจักรเป็นการชั่วคราว เพื่อรอการส่งกลับ หมายถึงคนต่างด้าวหลบหนีเข้าเมืองสัญชาติพม่า ลาว และกัมพูชาที่ได้จัดทำทะเบียนประวัติหรือบัตรประจำตัวตามกฎหมายว่าด้วยการทะเบียนราษฎร และได้รับอนุญาตให้ทำงานตามกฎหมายว่าด้วยการทำงานของคนต่างด้าว ตามประกาศกระทรวงมหาดไทย เรื่อง การอนุญาตให้คนต่างด้าวบางจำพวกเข้ามาอยู่ในราชอาณาจักรเป็นกรณีพิเศษ ลงวันที่ ๒๘ มิถุนายน ๒๕๔๗ และประกาศกระทรวงมหาดไทย เรื่อง การอนุญาตให้คนต่างด้าวบางจำพวกเข้ามาอยู่ในราชอาณาจักรเป็นกรณีพิเศษ (ฉบับที่ ๒) ลงวันที่ ๒๔ กันยายน ๒๕๔๗ และผู้ติดตามที่ได้จัดทำทะเบียนประวัติหรือบัตรประจำตัวตามกฎหมายว่าด้วยการทะเบียนราษฎร ซึ่งได้แก่ บิดา มารดา บุตร สามี ภรรยาของคนต่างด้าวดังกล่าว

ข้อ ๒ ให้คนต่างด้าวตามข้อ ๑ ไปรายงานตัวต่อพนักงานเจ้าหน้าที่ตามกฎหมายว่าด้วยการทำงานของคนต่างด้าวเพื่อขอรับใบอนุญาตทำงานตามเงื่อนไขและระยะเวลาที่อธิบดีกรมการจัดหางานกำหนด และให้กรมการจัดหางาน ส่งเอกสารหลักฐานการอนุญาตทำงาน ให้กรมการปกครองเพื่อจัดทำบัตรประจำตัวตามกฎหมายว่าด้วยการทะเบียนราษฎรให้คนต่างด้าวดังกล่าว ตามเงื่อนไขที่ผู้อำนวยการทะเบียนกลางกำหนด

สำหรับผู้ติดตามของคนต่างด้าวตามข้อ ๑ ที่ประสงค์จะทำงานให้ไปรายงานตัวต่อพนักงานเจ้าหน้าที่ตามกฎหมายว่าด้วยการทำงานของคนต่างด้าวเพื่อขอรับใบอนุญาตทำงาน โดยให้นำความในวรรคหนึ่งมาใช้บังคับโดยอนุโลม

ข้อ ๓ เพื่อประโยชน์ในการปฏิบัติตามข้อ ๒ มิให้นำมาตรา ๕๔ แห่งพระราชบัญญัติคนเข้าเมือง พ.ศ. ๒๕๒๒ มาใช้บังคับแก่คนต่างด้าวตามข้อ ๑ ซึ่งได้รับอนุญาตให้อยู่ในราชอาณาจักรเป็นการชั่วคราวเพื่อรอการส่งกลับ และตามระยะเวลาที่ได้รับอนุญาตให้ทำงาน ทั้งนี้ไม่เกินวันที่ ๓๐ มิถุนายน ๒๕๔๙

ข้อ ๔ การอนุญาตให้คนต่างด้าวและผู้ติดตามอยู่ในราชอาณาจักรได้เป็นการชั่วคราวตามประกาศนี้ เป็นอันสิ้นผลในกรณีอย่างใดอย่างหนึ่ง ดังต่อไปนี้

(๑) เป็นโรคต้องห้ามตามที่กระทรวงสาธารณสุขประกาศกำหนด

(๒) ต้องโทษจำคุกตามคำพิพากษาถึงที่สุดของศาล เว้นแต่ความผิดซึ่งได้กระทำโดยประมาทหรือความผิดลหุโทษ

(๓) ออกนอกเขตพื้นที่จังหวัดโดยไม่ได้รับอนุญาตตามข้อ ๖ เว้นแต่

(ก) ได้รับอนุญาตทำงานรับใช้ในบ้าน ให้เคลื่อนย้ายออกนอกเขตท้องที่จังหวัดที่ได้รับอนุญาต เพื่อติดตามนายจ้างหรือสามี ภรรยาของนายจ้างไปทำหน้าที่การงานที่รับผิดชอบ โดยนายจ้างหรือสามี ภรรยาของนายจ้างและลูกจ้างจะต้องเดินทางไปด้วยกันและต้องแสดงบัตรประจำตัวต่อพนักงาน เจ้าหน้าที่ทุกครั้งที่มีการขอตรวจสอบ

(ข) ได้รับอนุญาตทำงานในกิจการประมงหรือขนถ่ายสินค้าทางน้ำ ให้เคลื่อนย้ายออกนอกท้องที่จังหวัดที่ได้รับอนุญาตโดยทางเรือ เพื่อไปทำงานในท้องที่ทุกแห่งที่มีท่าเรือทำการประมงทะเล หรือในเส้นทางที่เป็นปกติทางการค้าของกิจการขนถ่ายสินค้าได้ ทั้งนี้มิให้ออกนอกเขตบริเวณท่าเรือที่ทำการประมงทะเลหรือขนถ่ายสินค้า

ข้อ ๕ ให้ปลัดกระทรวงมหาดไทยหรือผู้ซึ่งได้รับมอบหมายมีอำนาจเพิกถอนการอนุญาตให้อยู่ในราชอาณาจักรได้เป็นการชั่วคราวของคนต่างด้าวตามประกาศนี้ ในกรณีที่หน่วยงานด้านความมั่นคง หรือการรักษาความสงบเรียบร้อยรายงานว่าคนต่าวด้าวดังกล่าวมีพฤติการณ์ที่ขัดต่อความสงบเรียบร้อยหรือศีลธรรมอันดีของประชาชน หรือมีพฤติการณ์น่าเชื่อว่าเป็นภัยต่อสังคมหรือจะก่อเหตุร้ายให้เกิดอันตรายต่อความสงบสุข หรือความปลอดภัยของประชาชน หรือความมั่นคงแห่งราชอาณาจักร

ข้อ ๖ เมื่อมีเหตุจำเป็นออกนอกเขตจังหวัดที่ได้จัดทำทะเบียนประวัติตามข้อ ๒ หรือจังหวัดที่ได้รับอนุญาตให้ทำงาน เพื่อปฏิบัติตาม กฎหมาย ระเบียบ ข้อบังคับ เป็นพยานศาล ได้รับหมายเรียกจากพนักงานสอบสวน มีหนังสือเรียกตัวจากหน่วยงานของรัฐในสังกัดกระทรวงแรงงาน หรือเพื่อการรักษาพยาบาล เมื่อได้รับอนุญาตให้เปลี่ยนท้องที่หรือเปลี่ยนสถานที่ทำงานจากอธิบดีกรมการจัดหางานหรือผู้ได้รับมอบหมาย หรือติดตามผู้ที่ได้รับอนุญาตให้เปลี่ยนการทำงานไปยังท้องที่จังหวัดอื่น คนต่างด้าวผู้ได้รับอนุญาตให้เปลี่ยนการทำงานหรือคนต่างด้าวซึ่งเป็นผู้ติดตามจะออกนอกเขตจังหวัดได้ เมื่อได้รับอนุญาตจากปลัดกระทรวงมหาดไทย หรือผู้ซึ่งได้รับมอบหมาย ในเขตท้องที่กรุงเทพมหานคร หรือได้รับอนุญาตจากผู้ว่าราชการจังหวัดหรือผู้ซึ่งได้รับมอบหมายในเขตท้องที่จังหวัดอื่น

ในกรณีที่คนต่างด้าวที่ได้รับอนุญาตให้อยู่ในราชอาณาจักรได้เป็นการชั่วคราวตามประกาศนี้มีนายจ้างคนใหม่ และจะต้องออกนอกเขตจังหวัดที่ได้จัดทำทะเบียนประวัติตามข้อ ๒ หรือจังหวัดที่ได้รับอนุญาตให้ทำงาน ให้นำความในวรรคหนึ่งมาใช้บังคับโดยอนุโลม

ข้อ ๗ คนต่างด้าวหลบหนีเข้าเมืองสัญชาติพม่า ลาว และกัมพูชา กลุ่มอื่นซึ่งได้มีมติคณะรัฐมนตรี มติสภาความมั่นคงแห่งชาติ หรือคำสั่งของกระทรวงมหาดไทย กำหนดแนวทางปฏิบัติเป็นการเฉพาะ ไม่อยู่ในข่ายการอนุญาตตามประกาศฉบับนี้

ทั้งนี้ ตั้งแต่วันที่ ๑ กรกฎาคม พ.ศ. ๒๕๔๘ เป็นต้นไป

ประกาศ ณ วันที่ ๒๘ มิถุนายน พ.ศ. ๒๕๔๘

พลตำรวจเอก ชิดชัย วรรณสถิตย์

(ชิดชัย วรรณสถิตย์)

รัฐมนตรีว่าการกระทรวงมหาดไทย

# အမျိုးသမီးများ အကြမ်းဖက်ခံရခြင်းဆိုသည်မှာ အဘယ်နည်း။

အမျိုးသမီးများ အကြမ်းဖက်ခံရခြင်းဆိုသည် မှာတစ်စုံတစ်ရာသောအ ပြုအမူကြောင့် အမျိုးသမီးများအား ခန္ဓာကိုယ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာ ဝေဒနာခံစားမှုဖြစ်ပေါ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်းကိုခေါ်သည်။ အမျိုးသမီးများအကြမ်း ဖက်ခံရမှုများတွင် ခြိမ်းခြောက်ခြင်း၊ မလုပ်လိုသောအ လုပ်ကို အတင်းအဓမ္မ ပလုပ်စေခြင်း၊ ကျေနပ်နှစ်သိမ့် မှုနှင့် လွတ်လပ်မှုမရှိသောအခြေအနေအတွင်းတွင်ထားရှိခြင်းစသည်ဖြင့် မတူခြားနားသော အကြောင်း အရာ မျိုးစုံ ပါဝင်ပေသည်။ ထိုကဲ့ သို့သော အကြောင်းအရာတစ်ခုခုကြောင့် အကောင်အထည် မဖော်နိုင်သော အမျိုးသမီးအကြမ်းဖက်ခံရမှုများဖြစ်ပွါးနိုင်သည်။ ထိုအဖြစ်အပျက်များသည် အိမ်အတွင်းတွင် (သို့မဟုတ်) လူထုပတ်ဝန်းကျင်အတွင်းတွင်ဖြစ်ပွါးနိုင်သည်။

***အဘယ်ကြောင့် အမျိုးသမီးအကြမ်းဖက် ခံရမှုအကြောင်း ဆွေးနွေးရန်အရေးကြီးသနည်း။***

*ဤကဲ့သို့ အမျိုးသမီးများနှင့် အကြမ်းဖက်မှုများအကြောင်းကို ဆွေးနွေးရန် အဘယ်ကြောင့် အရေးကြီးသနည်း။*



အောက်ပါအချက်များသည် အမျိုးသမီးများ အကြမ်းဖက်နှိပ်စက်ခံရမှုကို ဖြစ်ပေါ်စေသည့်အကြောင်းအရာများဖြစ်ကြသည်။

- ♦ အကြမ်းဖက်သူများသည် အများအားဖြင့် ယောကျ်ားများဖြစ်ကြခြင်း၊
- ♦ အများအားဖြင့် အကြမ်းဖက်သူများသည် အကြမ်းဖက်ခံရသူထက်ပို၍ ဩဇာ အာဏာ ရှိသူများဖြစ်ခြင်း၊
- ♦ အမျိုးသမီးအကြမ်းဖက်ခံရမှုများသည် အိမ်တွင်း၌သာ အများဆုံးဖြစ်ပွါးတတ်ခြင်း၊
- ♦ အိမ်ဖော်အလုပ်ကို လုပ်ကိုင်နေကြရသော ရွှေ့ပြောင်းအလုပ်သမားများသည် တို့၏အချိန်အများစုကို အိမ်တွင်း၌သာ ကုန်လွန်စေခြင်း၊
- ♦ အိမ်တွင်းအလုပ်ကို လုပ်ကိုင်နေကြရသော ရွှေ့ပြောင်းအလုပ်သမား များ၏ အကြမ်းဖက်ခံရသော အမှု ကိစ္စအများစုကို ပြန်လည်သတင်းပေးတိုင်ကြားမှု မရှိခြင်း၊
- ♦ အချို့သော အမျိုးသမီးများသည် မိသားစုအတွင်း အကြမ်းဖက်နှိပ်စက်ခြင်း (သို့မဟုတ်) တို့၏ နယ်မြေအတွင်း ဖြစ်ပေါ်နေသော အကြမ်းဖက်မှုများမှ လွတ်မြောက်ရန် ထွက်ပြေးတိမ်းရှောင်ပြီး အလုပ်လုပ်ရန်ရွှေ့ပြောင်းရောက်ရှိလာကြခြင်း၊

**အထက်ပါအချက်များကို ကြည့်ခြင်းအားဖြင့် အမျိုးသမီးများသည် အကြမ်းဖက်နှိပ်စက်မှု၏ သားကောင်များဖြစ်လာကြသည်ကိုတွေ့မြင်နိုင်မည်။ အထူးသဖြင့်ရွှေ့ပြောင်းအိမ်ဖော်အမျိုးသမီးများသည်အကြမ်းဖက်နှိပ်စက် ခံရနိုင်ခြေရှိသည်။**



ပြီး ၏နေရပ်သို့ ပြန်ပို့ခြင်း ခံရလိမ့်မည်ဟု အလုပ်ရှင်များ ကမကြာခဏခြိမ်းခြောက်လေ့ရှိသည်။ အလုပ်ရှင်များ၏ ခြိမ်းခြောက်အကြမ်းဖက်ခြင်းချုပ်နှောင်၍ အကြမ်းဖက်ခြင်းများကြောင့် အမျိုးသမီးများသည် အလိုမတူဘဲလိင်ဆက်ဆံခံမှုရခြင်းများလည်း ဖြစ်နိုင်သည်။

ယခုအခါ အကြမ်းဖက်မှုများသည် အမျိုးသမီးများတွင် အများဆုံးဖြစ်နိုင်ခြေရှိကြောင်း ကျွန်ုပ်တို့ သိရှိနားလည်သဘောပေါက်ပြီးဖြစ်ပေသည်။ ရွှေ့ပြောင်းအိမ်ဖော်အမျိုးသမီးများသည် အိမ်တွင်း၌ မတရားအ ပခံရမှု အများဆုံးဖြစ်နိုင်ခြေရှိကြောင်းကို သေချာစွာစဉ်းစားကြည့်ပါက သိရှိနားလည်နိုင်မည်။

***အမျိုးသမီးအကြမ်းဖက်ခံရမှုများသည်ပုံစံအမျိုးမျိုး နှင့် ဖြစ်နိုင်သည်။***

### ***ခွဲခြားထားခြင်း***

အကယ်၍အလုပ်ရှင်သည် ၏အိမ်တွင်း အလုပ်သမားအားပတ်ဝန်းကျင်ရှိအခြားသောရွှေ့ပြောင်းအလုပ်သမားများနှင့်ဆက်သွယ်ခွင့်မ ပပါက၊ သည်မတရား ပခြင်းဖြစ်သည်။

### ***အတင်းအကြပ် ပလုပ်ခြင်းနှင့် ခြိမ်းခြောက်ခြင်း***

အကယ်၍အိမ်တွင်းအလုပ်များကိုလုပ်ကိုင်နေရသောရွှေ့ပြောင်းအလုပ်သမားသည်ညှင်းပမ်းနှိပ်စက်ခံရသောအကြောင်းအရာများကိုတိုင်ကြားပါကဖမ်းဆီး

### ***စီးပွါးရေးနှင့် သက်ဆိုင်သောမတရား ပခြင်း***

အကယ်၍ အလုပ်ရှင်သည် ၏အိမ်တွင်း အလုပ်သမားအား လုပ်အားခပေးရန် ငြင်းဆန်ပါက သည် စီးပွါးရေးအရ မတော်မတရား ပခြင်း ဖြစ်သည်။ အလုပ်သမားသည် အလုပ်ရှင်အလိုရှိသောအရာကိုလုပ်ပေးရန် ငြင်းဆိုပါက (အချိန်ပိုအလုပ်ဆင်းရခြင်း သို့မဟုတ် လိင်ဆက်ဆံရန်လိုက်လျောခြင်းစသည်ဖြင့် သို့မဟုတ် အလုပ်သမားသည်ညှင်းပမ်းနှိပ်စက်ခံရခြင်းများကိုရဲ သို့ တိုင်ကြားပါကအလုပ်ရှင်များသည်လုပ်အားခပေးရန် ငြင်းဆိုခြင်းဖြစ်နိုင်သည်။









### *စိတ်ခံစားချက်နှင့် သက်ဆိုင်သော မတရား ပြခြင်း*

အလုပ် ၂င်များသည် နှင့် ၏ အိမ် ထောင်ရေးအခြေအနေများကြောင့် ေ ႔ပြောင်းအိမ်ဖော်အလုပ်သမားများအား စိတ်ထိခိုက်ဝမ်းနည်းအောင် ပလုပ်ကောင်း ပလုပ်နိုင်သည်။

### *အလိုမ ႐ှိခြင်းနှင့် အပြစ်တင်ခြင်း*

ေ ႔ပြောင်းအိမ်တွင်းအလုပ်သမားသည် အလိုမ ႐ှိခြင်းနှင့်အပြစ်တင်ခြင်းများကြားတွင် ဆက်လက်လုပ်ဆောင်နေပါကအလုပ် ၂င် သို့မဟုတ် သူ၏မိသားစုသည် အားအရေးမပါခြင်းနှင့်တန်ဘိုးမဲ့ ၂ခြင်းစသည့်ခံစားချက်များဖြစ်ပေါ် လာစေရန် ပလုပ် ကောင်း ပလုပ်နိုင်သည်။

### *ကလေးများကို အသုံးချခြင်း*

အလုပ် ၂င်များသည် တို့၏ ကလေးများ သို့မဟုတ် အိမ်အလုပ်သမား၏ကလေးများကို အသုံး ပြီး အလုပ်သမားအား အတင်းအကြပ်တိုက်တွန်း၍ တို့သဘောမတူသောအရာကို ပလုပ်စေခြင်းလည်း ဖြစ်နိုင်သည်။

### *ယောက်ျားအဖြစ် အသာစီးရမှုကို အသုံး ချ ခြင်း*

အမျိုးသမီးများ၏ အချို့သောယဉ်ကျေးမှုဓလေ့ထုံးစံအရ ယောက်ျားများကို ငြင်းဆိုရန်နှင့် ညှိနှိုင်းဆွေးနွေးရန် ခက်ခဲသည်။ ဆိုလိုသည်မှာ အလုပ် ၂င်သည် ယောက်ျားဖြစ်နေပါကအမျိုးသမီးတို့၏ ပင်ကိုယ်သဘာဝအရအလုပ် ၂င်၏ တောင်းဆိုချက်ကိုငြင်းဆန်ရန်ခက်ခဲနေသည်။

## အခြေအနေများ ပြောင်းလဲလာစေရန် မည်ကဲ့သို့ ပလုပ်ပေးနိုင်သနည်း

ေ ႔ပြောင်းရောက် ႐ှိလာပြီး အိမ်တွင်းအလုပ်များကိုလုပ်ကိုင်နေကြရသော ေ ႔ပြောင်းအလုပ်သမားများသည်စိန်ခေါ်မှုများစွာနှင့်ရင်ဆိုင်နေကြရသည်။ သို့ရာတွင် က နိုပ်တို့သည် ထိုအခြေအနေများကိုပိုမို၍တိုးတက်ကောင်းမွန်လာစေရန် လုပ်နိုင်သောအရာများစွာ ႐ှိနေနိုင်သည်။

- ☐ ဒေသအတွင်း ႐ှိ ေ ႔ပြောင်းအိမ်တွင်းအမျိုးသမီးအလုပ်သမားများနှင့် အမျိုးသမီးအုပ်စုများတွေ့ဆုံပြီး အတူအကွနှီးနှောဖလှယ်ခြင်းများ ပလုပ်နိုင်စေရန် နေရာတစ်ခုဖန်တီးပေးခြင်း၊
- ☐ လူထုများသည် အကြမ်းဖက်ခြင်းဆိုသည့်အကြောင်းအရာကိုသိမြင်နားလည်လာစေရန်အသိပညာ တိုးတက်မြင့်မားလာရေး ဆောင် ႔က်ချက်များကိုအ ဆက်မပြတ်လုပ်ဆောင်ခြင်း၊
- ☐ အကြမ်းဖက်မှုများ ဖြစ်ပွါးရာတွင် ဥပဒေအရလုပ်နည်းလုပ်ထုံးများကို မည်ကဲ့သို့ အသုံးချရမည်ကို တစ်ဦးကိုတစ်ဦးအသိပညာပေးခြင်း၊ ARM (အလိုအလျှောက်တုန့်ပြန်ဆောင် ႔က်သည့်စနစ်)ဟူသည့် အကြမ်းဖက်ခံရသည့်ေ ႔ပြောင်းရောက် ႐ှိလာသောအ




မျိုးသမီးများနှင့်ခိုလှုံလာသူဒုက္ခသည် အမျိုးသမီးများ အတွက် လမ်းညွှန်ချက်များကို မြန်မာ၊ ႐ှမ်း၊ ကရင်၊ ထိုင်း၊ အင်္ဂလိပ် စသည့် ဘာသာ ငါးမျိုးဖြင့် ထုတ်လုပ်ထားခြင်း၊

☐ အမှုအခင်းများကို တရားဥပဒေနည်းလမ်းအတိုင်း ဆောင် ႔က်ခြင်း၊

☐ အလုပ် ႐ှင်များ၏အလေးပေးခြင်းနှင့်လုပ်ငန်းခွင်အတွင်း ႐ှိနေကြသော အိမ်တွင်းအလုပ်သမားများအား ကာကွယ်ရန်အတွက် သင့်လျော်သောအလုပ်သမားဥပဒေအတိုင်းလိုက်နာဆောင် ႔က်မှုအတွက် ထိုင်းအစိုးရမှအာမခံချက်ပေးခြင်း စသည်ကဲ့သို့သော အခွင့်အရေးများရ ႐ှိလာစေရန်စုပေါင်း၍တောင်းဆိုခြင်း၊

☐ ထိုင်းဥပဒေနှင့် ပေါ်လစီအတိုင်း လိုက်နာဆောင် ႔က်မှု ပြည့်စုံစေရန် သတိပေးခြင်း၊ ဆောင် ႔က်သည့်စနစ် ဖန်တီးပေးရန် ထိုင်းအစိုးရအားတွန်းအားပေးခြင်းအားဖြင့် အလုပ်လုပ်ပိုင်ခွင့် ကဒ်ပြားကိုသိမ်းဆည်းထားသောအလုပ် ႐ှင်များကို ေ ႔ပြောင်းလုပ်သားများကတင်ပြနိုင်ခြင်း၊ သင့်တော်သောအလုပ်နှင့်စုပေါင်း ညှိနှိုင်းဆောင် ႔က်နိုင်မှုအခွင့်အရေးများ အတွက်ဆောင် ႔က်သည့်စံနစ်တွင် ပါဝင်သောသင့်လျော်သောလုပ် ႐ားမှုအားဖြင့် လေ့ကျင့်ပေးခြင်း၊

☐ ပြောင်းလဲမှုအတွက် ဖြစ်ရပ်များကို သတင်း ႒နများသို့တင်ပြခြင်း၊

☐ ေ ႔ပြောင်းအိမ်တွင်းအလုပ်သမားများ၏ အသိ အမြင်နှင့်အရည်အချင်းပိုမိုတိုးပွါးလာစေရန်စည်း ႐ုံးစုစည်းပြီး လှုပ် ႐ှားမှုများ ပလုပ်ခြင်း၊

☐ ဒေသအမျိုးသမီးအဖွဲ့အစည်းများတွင် ေ ႔ပြောင်းအိမ်တွင်းအမျိုးသမီးအလုပ်သမားများအားပါဝင်စေခြင်း၊

အထက်ပါအချက်များကို လုပ်ဆောင်ခြင်းအားဖြင့် ေ ႔ပြောင်းအိမ်တွင်း အလုပ်သမားများသည် ေ ႔ပြောင်းလူထု၊ အမျိုးသမီးအုပ်စုများနှင့် ကြာ ႐ှည်စွာ သီးခြားကွဲပြား မနေတော့ဘဲ အမျိုးသမီးအကြမ်းဖက်မှုတွင် မည်ကဲ့သို့အာ ႐ုံစူးစိုက်လုပ်ဆောင်ရမည်ကို သေချာစွာသိမြင်နားလည်လာပြီးလျှင် လောကအဖွဲ့အစည်းတွင်အမျိုးသမီးများအား အကြမ်းဖက်မှုဆန့်ကျင်ခြင်းကို အလေးထားလာမည်။




# အိမ်တွင်းအလုပ်လုပ်သော အမျိုးသမီးအလုပ်သမားတဦး၏ အတွေ့အကြုံရှင်းလင်းပြောပြချက်နှင့် ဥပဒေ နည်းအရအအမှုရင်ဆိုင်ခြင်း

*အမည်* *နန်းဆောင် မို*

*အသက်* *၁၇ နှစ်*

*ထိုင်းနိုင်ငံသို့ စတင်ဝင်ရောက်လာသည့်နှစ် ထိုင်းသက္ကရာဇ် ၂၅၄၇ (၂၀၀၄) နှစ်ဦးပိုင်း*

ထိုင်းနိုင်ငံထဲစဝင်လာတာနဲ့ အိမ်ဖော်အလုပ်ကိုစလုပ်ပါတယ်။ အလုပ်ကို ၀၄း၀၀–၂၄း၀၀ နာရီ (မနက် ၀၄း၀၀ နာရီကနေ ည ၁၂း၀၀ နာရီ) အထိလုပ်ရပါတယ်။ အိမ်အလုပ်အကုန်လုံးလုပ် ရတယ် အိမ်ကြမ်းတိုက်၊ အဝတ်လျှော်၊ ပန်းကန်ဆေး အစရှိတဲ့အလုပ်တွေအားလုံးအကုန်လုပ် ရတယ်။ ပြီးတော့အပြင်ထွက်ပြီးတော့ဈေး သွားရောင်းရတယ်။ ပေါင်ဒါ၊ အရုပ်၊ စားစရာ၊ ကာတွန်း စတာတွေအကုန်လုံးကိုပေ့ါ သွားရောင်းရတယ်။ လခ တစ်လကို ဘတ် ၁၀၀၀ ရတယ်။ အိမ်ဖော်လုပ်တယ်ဆိုတာပျော်တယ်လို့ကိုမရှိဖူးပါဘူး။ အမေနဲ့အတူနေတုံး ကနဲ့စာရင် အမေနဲ့ နေရတာအများကြီးအဆင်ပြေပြီးသက်သာတာပေါ့။ အလုပ်တွေအားလုံးလုပ်စရာမလိုဘူး။ ဒါပေမယ့် သူတို့နဲ့လာနေတော့ အကုန်လုပ်ရတယ်။ အမေနဲ့အတူနေတုန်းကဆို အစောကြီးထထ၊ နောက်ကျမှ ထထ အဆူအဆဲမခံရဘူး။ အလုပ်ပြောင်းချင်ပေမယ့် ဘယ်သူနဲ့မှလဲမသိဘူး။ ဘယ်သူ့ ဆီမှာ အကူအညီသွား တောင်းရမှန်းလဲမသိဘူး။ ဒီအလုပ်လုပ်တာ ၁နှစ်နဲ့ ၃လရှိပြီ တစ်လမှလခမရဘူး။ နေမနေလဲဘာမှမထူးတော့ ဘူးလို့ခံစားရမိပြီး အလုပ်ပြောင်းရင် ကောင်းမလားလို့တွေးမိတယ်။ တွေးမိတာနဲ့ ဘဲချက်ခြင်းထွက်လာတယ် အလုပ် ရှင်ဆီမှာလုပ် အားခငွေ (လခ) သွားတောင်းတယ် ဒါပေမယ့်သူတို့ကမပေးဘူး။ ဒါကြောင့် အလုပ်ကထွက် လာပြီး ဈေးထဲမှာကစားစရာလာရောင်းတယ်။



အဲဒီနောက်ရွာထဲက အသိတယောက်ကလေးမွေး ခါနီးဆိုပြီးအတူနေဖို့ခေါ်သွား တယ်။ နောက်တော့ပီတီဆိုတဲ့ အသိတစ်ယောက် ကချင်းမိုင် မှာလုပ်အားခမရတဲ့အမျိုးသမီး တွေကိုကူညီတဲ့သူရှိတယ်ဆို တာနဲ့အကူအညီတောင်းဖြစ် လာတယ်။ မက်(ပ်)ဖေါင်ဒေး ရှင်း (တိုင်းရင်းသားအလုပ်သ မားကျန်းမာရေးနှင့်ပညာပေး အစီအစဉ်)ကပီခမ်းအိန်ဆီကို

ဆက်သွယ်ခဲ့တယ်။ အစိုးရ ၁နပေါင်းစုံရုံး **(ศาลากลาง)** ကိုသွားတယ် မက်(ပ်) ကလည်းဘယ်တုံးကစအလုပ်လုပ်သလဲစတာတွေကိုအသေးစိပ်မေးတော့အကုန်လုံးကို ပြောပြခဲ့ထယ်။ ကျွန်မလုပ်အားခသွားတောင်းခဲ့ဖူးတယ် အလုပ်ရှင်က "ငွေတော့မရှိဘူး နင့်အတွက်လခကတော့ခါးဘဲရှိတယ်ယူမလား" လို့ပြောတယ်။ ဉပဒေနည်း နဲ့ရင်ဆိုင်တော့ စိတ်ဇဝေဇဝါဖြစ်မိတယ်ငွေပြန်ရမလား၊ မရဘူးလားလို့ပေါ့။ ငွေပြန်ရမယ့်ပုံလည်းမပေါ်ဘူးဒါပေ မယ့်ပြန်ရဖို့လည်း မျှော်လင့်နေမိတယ်။ ထိုင်းနိုင်ငံဉပဒေ ကလည်း တစ်ဝက်ပါဘဲအပြည့်အဝသုံးလို့ရမှာမဟုတ်ဘူး လို့ထင်မိတယ်။ ဘာလို့လဲဆိုတော့ ဒါမျိုးကသက်သေ အထောက်အထားဘယ်လောက်အထိခိုင်လုံသလဲဆို တဲ့အပေါ်မူတည်ဉီးမှာကိုး။ ကျွန်မကလဲစာမတတ်ပေမတတ်၊ စာပေနဲ့အသိပညာမရှိတော့တချို့ ကအဲဒါကိုအခွင့် ကောင်းယူပြီး ဖိနှိပ်ချင်အနိုင်ကျင့်ချင်ကြတယ်။ တရားရုံးမှာအမှုရင်ဆိုင်တော့အခငွေအားလုံး ၉၀၀၀ ဘတ် ပြန်ရတယ်။

အိမ်ဖော်အလုပ်လုပ်တဲ့သူတွေအားလုံးကို ကျွန်မလိုအဖြစ်မျိုးနဲ့ကြုံမှာစိုးလို့ မှာချင်တယ်။ ကျွန်မအိမ်ဖော် လုပ်ခဲ့တာ ၄၇–၄၈ (၂၀၀၄–၂၀၀၅) အထိ လခတစ်ခါမှမရခဲ့ဖူးဘူး။ ကျွန်မနဲ့ဘဝတူ အိမ်ဖော်လုပ်တဲ့သူတွေအယောက်တိုင်းကိုမှာချင်တယ် အလုပ်လုပ်တဲ့နေရာမှာသတိထားဖို့။ ကျွန်မလိုဆိုစာမတတ်ပေမတတ်၊ ထိုင်းကဉပဒေလည်းမသိ၊ ဆွေမျိုးသားချင်းလဲမရှိ၊ ဘယ်သူ့ဆီအကူ အညီသွားတောင်းရမှန်းလည်းမသိဘူး။

## တရားရင်ဆိုင်ခဲ့သည့်အပိုင်းများ

၂၃၊ ဒီဇင်ဘာလ၊ ၂၀၀၅ ရက်နေ့တွင် နန်းဆောင်မိုသည် အလုပ်သမားကြီးကြပ်စောင့် ရှောက်ရေးအာမခံ ချက်နှင့်ရပိုင်ခွင့်များဆိုင်ရာ မိုင်းဖန်ရုံးခွဲသို့အမှုစွဲဆိုချက် **คร.๗** ကိုတင်ပြခဲ့သည်။

၁၃၊ ဇန်နဝါရီ၊ ၂၀၀၆ ရက်နေ့တွင် အမှုစွဲဆိုချက်ဖောင် **กร.๘** အား ခွန်းအွန်းရ်နွတ် မဲးလီး ဆထန့်အလုပ်သမားကြီးကြပ်စောင့်ရှောက်ရေးအာမခံချက်နှင့်ရပိုင်ခွင့်များဆိုင်ရာ ချင်းမိုင်ရုံးတာဝန်ခံရှေ့မှောက်တွင်ဖြည့်စွက်ပြီး တာဝန်ခံများမှ ၂၃၊ ဇန်နဝါရီ၊ ၂၀၀၆ (တနင်္လာနေ့) သို့ရက်ချိန်းပေး ခဲ့သည်။

၂၀၊ ဇန်နဝါရီ၊ ၂၀၀၆ ရက်နေ့တွင် နန်းဆောင်မိုသည် မက်(ပ်)ဖေါင်ဒေးရှင်းအား အလုပ်သမားကြီးကြပ်စောင့်ရှောက်ရေးအာမခံချက်နှင့် ရပိုင်ခွင့်များဆိုင်ရာရုံးသို့ မိမိသည်အလုပ်ရှင်ထံ မှကျန်ရှိငွေ ၆၀၀၇၅ ဘတ် (ခြောက် သောင်းခုနှစ်ဆယ့်ငါးဘတ်တိတိ) အားပြန်ရယူလိုပါကြောင်းနှင့် မည့်သည့်အကြောင်းကြောင်းကြောင့်ဖြစ်စေအ လုပ်ရှင်နှင့်မညှိနိုင်းချင်ပါကြောင်း တင်ပြပေးရန် တောင်းဆိုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် နန်းဆောင်မိုသည် နိုင်းဆွန်ကျစ် နားဆွန်ကျစ် ထံ၌ အလုပ်လုပ်ခဲ့စဉ်တွင် ဖွန်းဝတ် အမည်ရှိသားကလေးတယောက်ရသည်အထိ အကြိမ်ကြိမ်ဗလက္ကာယ၊ အကျင့်ခံခဲ့ရပြီး ထိုလုပ်ရပ်နှင့်ပတ်သက်၍မည်သို့မျှတာဝန်ယူခဲ့ခြင်းမရှိခဲ့ပေ (ဤသတင်း အချက် အလက်များအားလျှို့ဝှက်ထားရန်)။ နန်းဆောင်မိုသည် မက်(ပ်)ဖောင်ဒေးရှင်းအားမိမိကိုယ်စား အရာရာ ကူညီဆောင်ရွက်ပေးရန် လွှဲပြောင်းအပ်နှင်းပေး၍တာဝန်ရှိပုဂ္ဂိုလ်များမှ နိုင်းဆွန်ကျစ်အားလက်ကျန်ငွေများပြန် လည်ရှင်းပေးရန် အမြန်ဆုံးစီစစ်သုံးသပ်ဆုံးဖြတ်ပေးစေလိုကြောင်းနှင့် နန်းဆောင်မိုသည်ကျန်ရှိသည့်ကိစ္စများအား ဉပဒေသတ်မှတ်ချက်များအတိုင်းလိုက်နာဆောင်ရွက် သွားမည်ဖြစ်ကြောင်း အလုပ်သမားကြီးကြပ်စောင့်ရှောက် ရေးအာမခံချက်နှင့် ရပိုင်ခွင့်များဆိုင်ရာရုံးသို့ ပထမအကြိမ် တိုင်ကြားတင်ပြခဲ့သည်။



၃၁၊ ဇန်နဝါရီ၊ ၂၀၀၆ ရက်နေ့တွင် မက်(ပ်)ဖေါင်ဒေးရှင်းမှနေ၍ အလုပ်ရှင်မှ နန်းဆောင်မို အားကျန်ရှိငွေ ၆၀၀၇၅ ဘတ် (ခြောက်သောင်းခုနှစ်ဆယ့်ငါးဘတ်တိတိ) ပြန်ပေးရန်ထောက်ခံစာကို အလုပ်သမားကြီးကြပ်စောင့်ရှောက်ရေးအာမခံချက်နှင့် ရပိုင်ခွင့်များဆိုင်ရာရုံးသို့ ဒုတိယအကြိမ်ထပ်မံတင်ပြခဲ့သည်။

၂၁၊ ဖေဖော်ဝါရီ၊ ၂၀၀၆ ရက်နေ့တွင် အလုပ်သမားကြီးကြပ်စောင့်ရှောက်ရေးအာမခံချက်နှင့် ရပိုင်ခွင့်များဆိုင်ရာရုံးမှ အလုပ်ရှင်အား ကျန်ငွေ ၆၀၀၇၅ ဘတ်မှ ၉၇၀၈.၆၅ ဘတ်ပြန်လည် ရှင်းပေးရန်အမိန့် ချဆိုခဲ့သည်။ နန်းဆောင်မိုမှကျေနပ်သဘောတူခြင်းမရှိသည့်အပြင် ထိုအမှုအားတရားရုံး သို့တင်သွင်းစေလိုသဖြင့် မက်(ပ်)ဖေါင်ဒေးရှင်းမှ တရားရုံးတွင်အ မှုရင်ဆိုင် နိုင်ရန်အတွက် ရှေ့နေ ရှာပေးခဲ့သည်။

၂၂၊ မတ်(ချ်)၊ ၂၀၀၆ တွင်နန်းဆောင်မိုသည် ချင်းမိုင်တွင်ရှိသော အလုပ်သမားဆိုင်ရာ ဒေသ ၅ တရားရုံးသို့အခြေခံအလုပ်သမားဆိုင်ရာ တရားရေးတာဝန်ခံများမှ အလုပ်သမားကြီးကြပ်စောင့်ရှောက်ရေးအာမခံချက်နှင့် ရပိုင်ခွင့်များဆိုင်ရာရုံး၏ အမိန့်အားပြန်လည်ငြင်းဆို၍ ရုပ်သိမ်းပစ်ရေးအတွက် အမှုဖွင့်တိုင်ကြားရန် ချင်းမိုင်သို့လာခဲ့သည်။

၁၊ မေ၊ ၂၀၀၆ ရက်နေ့တွင် အလုပ်သမားများဆိုင်ရာတရားရုံးမှ အလုပ်ရှင်နှင့် နန်းဆောင်မိုအားတရားရုံးတွင်လာရောက်ညှိနှိုင်းဖြေရှင်းနိုင်ရန်ရက်ချိန်းဆိုခဲ့သည်။ အလုပ်ရှင်မှ ဘတ်ငွေ ၁၂၀၀၀ ရှင်းပေးမည်ဟုဆိုသော်လည်း နန်းဆောင်မိုမှ ၆၀၀၇၅ ဘတ် (ခြောက်သောင်း ခုနှစ်ဆယ်ငါးဘတ်တိတိ) ကျန်ငွေအပြည့်ပြန်လိုချင်ပါသည် ဆိုသဖြင့် ညှိနှိုင်းဖြေရှင်းနိုင်ခြင်းမရှိခဲ့ပေ။

၁၃၊ ဂျွန်၊ ၂၀၀၆ ဒုတိယအကြိမ်ချိန်းဆိုရက်တွင် အလုပ်သမားများဆိုင်ရာတရားရုံးမှတရားစီရင်ဆုံးဖြတ်

ချက်ချနိုင်ရန်နှင့် အမှုစစ်ဆေးနိုင်ရန်အတွက် တရားလိုနှင့် တရားခံအား သက်သေအထောက်အထားအချက်အလက်များအား ၁၃၊ ဇွန်၊ ၂၀၀၆ တွင်တင်ပြစေခဲ့ရာ နန်းဆောင်မိုမှာ မကျန်းမာသဖြင့် တရားရုံးမှရုံးချိန်း ရက်ပြောင်းရွှေ့ခဲ့သည်။

၂၁၊ ဂျူလိုင်၊ ၂၀၀၆ တွင် အလုပ်သမားဆိုင်ရာတရားရုံးမှသက်သေများအားစစ်ဆေးမည့်နေ့ရက်အတွက် တတိယအကြိမ်ချိန်းဆိုခဲ့သည်။

၂၁–၂၃၊ သြဂုတ်၊ ၂၀၀၆ ရက်များတွင် အလုပ်သမားများဆိုင်ရာတရားရုံးမှ နန်းဆောင်မိုအားတရားလိုနှင့် တရားခံအမှုစစ်ဆေးနိုင်ရန် ထပ်မံချိန်းဆိုခဲ့သည်။ အလုပ်ရှင်သည်နန်းဆောင်မို နှင့်အတူအလုပ်အတူလုပ်ကိုင်ခဲ့ဖူးသောအရေးကြီးသောသက်သေဖြစ်သည့် အလုပ်သမားတစ်ယောက်အား ခေါ်လာခဲ့ပြီးထိုအလုပ်သမားနန်းဆောင်ရွှေမှလည်း နန်းဆောင်မိုသည်လုပ်အားခငွေ (လခ) များလက်ခံရရှိခဲ့ပြီး ပြီဖြစ်ကြောင်းကိုသက်သေအဖြစ် ထောက်ခံခဲ့သည်။

၂၂၊ စက်တင်ဘာ၊ ၂၀၀၆ ရက်နေ့တွင် အလုပ်သမားများဆိုင်ရာတရားရုံးမှ အလုပ်ရှင်ခေါ်ဆောင်လာသော ပုဂ္ဂိုလ်သက်သေအထောက်အထား (မျက်မြင်သက်သေ) အားယုံကြည်ပါသ ဖြင့်အလုပ်သမားစီစစ်ရေးတာဝန်ခံ၏ အမိန့်အတိုင်း အလုပ်ရှင်မှ ထိုင်းငွေ ၉၇၀၇.၅၆ ဘတ်အား ရှင်းပေးရန်အမှုစီရင်ဆုံးဖြတ်လိုက်သည်။ တရားစီရင်ဆုံးဖြတ်ချက်အချုပ်မှာ အောက်ခြေတရားရုံးမှ နန်းဆောင်ရွှေ၏ သက်သေထွက်ဆိုမှုကိုယုံကြည်ခြင်းနှင့် တရားရုံးမှအလုပ်ရှင်ထပ်မံစစ်ဆေးစေခဲ့ သောမျက်မြင်သက်သေအထောက်အထားများ အားစစ်မှန်ကြောင်းယုံကြည်ခဲ့သည်။

၂၄၊ အောက်တိုဘာ၊ ၂၀၀၆ တွင်အလုပ်ရှင်မှ ငွေ ၉၇၅၆ ဘတ်အား အလုပ်သမားများကြီး ကြပ်စောင့်ရှောက်ရေးအာမခံချက်နှင့် ရပိုင်ခွင့်များဆိုင်ရာရုံးသို့ လာရောက်အပ်နှံစေပြီး ရုံးတာဝန် ခံမှနန်းဆောင်မိုအား ထိုငွေ ၉၇၅၆ ဘတ်ကိုသာရုံးတွင်လာရောက်လက်ခံစေခဲ့သည်။ ထို့ကြောင့်သင်ဘယ်နေရာတွင်အလုပ်လုပ်သည်ဖြစ်စေအလုပ်စလုပ်သည့်နေ့မှစ၍အလုပ်လုပ်သည့် (လုပ်ငန်း) အကြောင်းများကိုမှတ်တမ်းရေးသားထားရမည်။ လုပ်အားခငွေလက်ခံရရှိမှုအပါအဝင် ဘယ်လ၊ ဘယ်ရက်တွင် ဘယ်လောက်လက်ခံရကြောင်း၊ အလုပ်လုပ်ချိန်တွင် အလုပ်စဆင်းချိန်၊ အလုပ်နားချိန်၊ ခွင့်ယူရက်၊ နားရက်များကို ဥပဒေ နည်းအရတရားရုံးတွင်အလုပ်ရှင်နှင့်အမှုရင်ဆိုင်ရာတွင်သက်သေအထောက်အထားအဖြစ်အသုံး ပနိုင်ရန်မှတ် တမ်းရေးသားထားရမည်။မည်သည့်ဘာသာနှင့် မဆိုမှတ်တမ်းရေးသားထားနိုင်ပါသည်။ သို့မှသာနန်းဆောင်မိုကဲ့သို့ လိမ်လည်လှည့်ဖျားခံရခြင်း၊အခွင့်အရေးဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ပေမည်။






| | |
|---|---|
| *အမည်* | *နန်းဆောင်ခမ်း* |
| *ထိုင်းနိုင်ငံသို့ရောက်တာ* | *၉ နှစ်ကျော်* |
| *အိမ်ဖော်ဖြစ်စဉ်ကအသက်* | *၁၄ နှစ်* |
| *ယခုလက်ရှိအသက်* | *၂၃ နှစ်* |
| *အလုပ်အကိုင်* | *အိမ်ဖော်* |

အိမ်ဖော်အလုပ်လုပ်တာ ၉နှစ်နဲ့ ၇လလောက်ရှိမယ်။ အဒေါ်ကြီးတယောက်ကခေါ်ပြီးသွားလုပ်တာ။ လခတစ်လကို ၁၅၀၀ ဘတ်ရတယ် ဒါပေမယ့်မှန်မှန်မပေးဘူး။ ခေါ်လာတဲ့ အဒေါ်ကြီးကအရင် ကားခဖြတ်ယူသွားလို့ အခေ ကား ၇၈၀၀ ဘတ်တင်နေတယ်။ သူကအလုပ်ရှင် ဆီကနေ ကားခ၊ တည်းခိုခန်းခဆိုပြီးအရင် ငွေတခါတည်း ဖြတ်ယူသွားတာ။ ထိုင်းနိုင်ငံကိုစရောက် တုံးက ထိုင်းစကားလည်းမတတ်ဘူး အလုပ်ရှင်ကပြောတယ် ခေါ်လာတဲ့အဒေါ်ကြီးအတွက်တစ်လခကို ၁၀၀၀ဖြတ်မယ် ကျန်တဲ့ ၅၀၀ ကခမ်းအတွက်ပေါ့ ဒါပေမယ့်သူတို့ကစုထားပေးမယ် ကြီးလာမှအကုန်ပေါင်းပြီးယူတဲ့။ ပြီးတော့အခေ ကားအကုန်လုံးဆပ်လို့ကြေမှ လခကကျွန်မဟာအားလုံးဖြစ်မှာလို့ ပြောတယ်။ ထိုင်းနိုင်ငံကိုစဝင်လာတာနဲ့ဒီအိမ်မှာပဲအလုပ်လုပ်တယ် အားလုံး ၉နှစ်နဲ့ ၇လကြာတယ်။ ဘယ်မှာမှအလုပ်သွားမလုပ်ဖူးဘူး လခလဲတစ်ခါမှမရဖူးဘူး သွားတောင်းရင်လဲ ၁၀၀–၂၀၀ လောက်ဘဲရတယ်။ လခကိုအကုန်မပေးဘူး ထွက်ပြေးမှာစိုးလို့တဲ့။ အဲဒီအိမ်မှာအလုပ်လုပ်ဖို့ခေါ်လာတဲ့အဒေါ်ကြီးနဲ့လည်းဆက်သွယ်လို့မရတော့ဘူး ပြန်လဲမတွေ့တော့ဘူး။ ၃ နှစ်လောက် အလုပ်လုပ်လာပြီးတော့ ငွေသွားတောင်းကြည့်တယ် သူတို့ကဘာလိုချင်လဲ လိုချင်တာအတွက်ငွေ သွားယူရင်ရတယ်တဲ့ အကုန်လုံးတောင်းရင်မပေးဘူး။ အမြဲတမ်းပဲ တစ်ခါနည်းနည်းဆီပဲပေးတယ်။ အလုပ်ထွက်ပြန်ရင်လည်း အကြာကြီးအလုပ်လုပ်လာခဲ့ရတဲ့ငွေတွေ

ကိုနှမြောတယ်။ ဘယ်ဆွေမျိုး သားချင်းနဲ့လည်းမတွေ့ရဘူး ဘယ်သူ့ကိုမှလည်းမသိဘူး။ သူတို့ကပြောတယ် သူတို့နဲ့အကြာကြီးနေတဲ့ အဲဒီတုန်းက အလုပ်ရှင်က အလုပ်သမားမှတ်ပုံတင်ကဒ်မလုပ်ပေးသေးဘူး။ ထွက်ပြေးရင်လည်းရဲဖမ်းမှာကိုစိုးတယ်။ အလုပ်ရှင်ကအမြဲဘဲချိုချိုသာသာနဲ့ပြောတယ် သူတို့နဲ့ကြာကြာနေဖို့အကြောင်း၊ သမီးတယောက် လိုချစ်တဲ့အကြောင်း၊ မြေနေရာပေးမယ်၊ ကြီးလာရင်အလှပြင်သင်တန်းတက်ခိုင်းမယ်ဆိုတာတွေပေါ့။ ဘာမှမလိုချင်ဘူးအိမ်ပြန်ဖို့ငွေဘဲလိုချင်တယ်ပြောရင် အလုပ်ရှင်က ညီအစ်ကိုတွေ ဆွေမျိုးတွေနဲ့လဲမတွေ့သေးဘူး သူတို့နဲ့ဆုံပြီဆိုရင် အကုန်လုံးပြန်ပေးမယ်ဘာမှမပူနဲ့ အခုယူရင်လည်း တခြားနေရာထွက်ပြေးမှာဘဲဆိုပြီးမပေးဘူး။ ဧပြီလတုန်းက အလုပ်သမားမှတ်ပုံတင်ကဒ် သွားလုပ်ရင်း အစ်ကိုနဲ့ဦးလေးကို အမ်းဖွန်းမိန်းချင်းမိုင် မ့နယ်ရုံး မှာလာတွေ့တယ် တွေ့တွေ့ချင်း အဖေအမေနေကောင်းလားလို့မေးတာပေါ့။ အဲဒီတုန်းကစကားပြော ရတာသိပ်နားမလည်ကြဘူး ဘာလို့လဲဆိုတော့ ရှမ်းစကားသိပ်မတတ်တော့ဘူး အလုပ်လုပ်တဲ့အိမ်မှာနေတုန်းကအဲဒီမှာ ရှမ်းမရှိကြဘူး၊ ရှမ်းစကားလည်းမပြောရဘူး၊ အိမ်ရှင်ကလည်းထိုင်းစကားပီအောင်ပြောဖို့ ကားစားခိုင်း တယ်၊ ရှမ်းစကားက မိခင်ဘာသာစကားဘဲ တတ်လွယ်ပါတယ်လို့ပေါ့။ အစ်ကိုနဲ့တွေ့တာနဲ့ အစ်ကိုနဲ့ဦးလေးရဲ့ ဖုန်းနံ ပါတ်ကိုရေးမှတ်ထားလိုက်တယ်။ မ့နယ်ရုံးမှာ မှတ်ပုံတင်ကဒ်လုပ်တော့ အလုပ်ရှင်ကလည်းအလောတ ကြီးနဲ့ အိမ်မြန်မြန်ပြန်ရမယ်လို့ပြောတယ် အဲဒီတုန်းကကျွန်မလည်းလောတာနဲ့ အစ်ကိုနဲ့ဦးလေးရဲ့ဖုန်းနံပါတ်ဘဲရ ထားလိုက်တယ်။

ဖုန်းနံပါတ်ရတာနဲ့အလုပ်ရှင် ကစာရွက်တစ်ရွက်ယူခိုင်းပြီး အိမ်ပြန်လာခိုင်းတယ်။ အလုပ်ရှင်က ကျွန်မရဲ့ အစ်ကိုဆီဖုန်းဆက်ဖို့ဆို ပြီးဖုန်းနံပါတ်တောင်းတယ် ပြီးတော့ဖုန်းနံပါတ်ရဲ့နောက်ဆုံးဂဏန်းတစ်လုံးကိုပြောင်းပစ်လိုက်ပြီး ကျွန်မဆီလာပြန်ပေးတယ်။ အလုပ်ရှင်ကကျွန်မရဲ့ဆွေမျိုးတွေနဲ့မဆုံစေချင်ဘူး သူတို့အိမ်ကနေထွက်ပြေးသွားမှာကိုစိုးရိမ်နေတယ် ကျွန်မအစ်ကိုနဲ့ ဦးလေးဆီဖုန်းဆက်ကြည့်တယ် မရဘူး နံပါတ် ကမှားနေပြီလေ။ အလုပ်ရှင်က ဘုတာရုံကြီးဘက်မှာရှိတဲ့ ကျွန်မအစ်ကိုအလုပ်လုပ်တဲ့နေရာကို သွားရှာပေးမယ်ဆိုပြီး ကျမစိတ်ပြေအောင်ပြောတယ်။ အစ်ကိုက ဘူတာရုံဘက်မှာနေတယ်လို့ပြောဘူး တယ်။ အလုပ်ရှင်ကလည်းဘူတာရုံဘက်ကိုကားနဲ့ ပါတ်ပြီးအစ်ကိုကိုလိုက်ရှာဖို့ လိုက်ပို့ပေးတယ် ဒါပေမယ့်မတွေ့ဘူး ဘာကြောင့်လဲဆိုတော့ အစ်ကိုကအဲဒီဘက်မှာအလုပ် မလုပ်တော့ဘူး။ နောက်ပိုင်းကျွန်မဆီမှာရှိတဲ့ ဖုန်းနံပါတ်နဲ့အလုပ်ရှင်ရဲ့စားပွဲပေါ်မှာတင် ထားတဲ့ဖုန်းနံပါတ်နဲ့တိုက် ကြည့်တယ် မတူဘူး။ အလုပ်ရှင်က ဖုန်းနံပါတ်အမှန်ကိုကူးထားပြီးဖွန်းလို့နာမည်တပ်ထားတယ်။ ကျွန်မနံပါတ်ရတာနဲ့ ဦးလေးဆီဖုန်းဆက်တယ် ဖြစ်ချင်တော့ ဦးလေးကဈေးမှာလာလျှောက် လည် နေတယ် ဦးလေးက အခုသူတို့နေတဲ့နေရာနဲ့ ကျွန်မတို့နေရာကသိပ်မဝေးဘူးလာလည်မယ်လို့ပြောတယ်။ ကျမနေတာက မယ်ကျို့မှာ။

ကျမဦးလေးနဲ့တွေ့တော့ အိမ်ရှင်ကလည်းလာတယ်။ ကျမကဦးလေးကို အလုပ်ရှင်က ဖုန်းနံပါတ်ပြောင်းပစ်တဲ့အကြောင်း၊ ကျမဒီအလုပ်ရှင်နဲ့အတူမနေလိုတော့တဲ့အကြောင်း၊ ကျမအိမ် ပြန်မယ်ဆိုတာတွေကိုပြောပြတယ်။ ကျမက အလုပ်ရှင်ကို အဖေအမေနေမကောင်းလို့ ဆိုပြီးအိမ် ပြန်ခွင့်တောင်းမယ်လို့ပြောပြလိုက်တယ်။ ကျမလည်းအလုပ်ရှင်ကိုအဲဒီလိုမျိုးဘဲ ကျမကဒီနေ့ဦးလေးဆီဖုန်းဆက်တယ် ဦးလေးကလာလည်ပြီးတော့အဖေအမေနေမကောင်းဘူး အမြန်ဆုံးပြန်ဖို့ပြောကြောင်းပြောပြလိုက်တယ်။ အလုပ်ရှင်က အခုမှမှတ်ပုံတင်ကဒ်လုပ်တုန်း နောက်နှစ်မှပြန်၊ သူကိုယ်တိုင်ဗမာပြည်လိုက်ပို့ပေးမယ် အခုမှတ်ပုံတင်ကဒ်ရှိရင်လေယာဉ်ပျံနဲ့ချင်းမိုင်ကနေဗမာပြည် ကိုတခါထဲပြန်လို့ရတယ်လို့ပြောတယ် ပြီးတော့ဦးလေးနဲ့စကားပြောခွင့်တောင်းပြီး ဦးလေးဆီမှာကျမ ကိုမပြန်သေးစေလိုကြောင်းပြောတော့ ဦးလေးက သူတို့အဖေအမေတွေအသက်ကြီးပြီသူ့ကို

ပြန်စေချင်ပြီလို့ပြန်ပြောလိုက်တယ်။ နောက်မတတ်နိုင်တဲ့အဆုံးတော့ အလုပ်ထွက်ခွင့်ပေးတယ် ကျမအလုပ်လုပ်လာခဲ့တာအားလုံးအတွက် ၁၈၀၀၀ ဘတ်ဘဲပေးတယ်။ ကျမတော်တော်လေးကို ထိတ်လန့်သွားတယ် ကျမအလုပ်လုပ်လာတာ ကြာပြီဘာကြောင့်ဒီလောက်ဘဲရသလဲလို့ပေါ့။ အလုပ်ရှင်က အခုသူတို့အခန်းငှားထပ်ဆောက်နေတာငွေတော် တော်ကုန်သွားကြောင်း ပြန်လာမှ ထပ်ပေးမယ် ပြန်လိုက်အုံးလို့ပြောတယ်။ ကျမကလဲ မလောက်ဘူးအိမ်ပြန်ဖို့ ဆိုတာ ၄-၅ သောင်း လိုတယ်လို့ပြောတော့ သူကဒီလောက်ဘဲရှိတယ် မလောက်လည်းအလုပ်ရှင်ယောကျာ်း ဆီဖုန်းဆက် တောင်းလို့ပြောတယ်။ အဲဒီနောက်ကျမလဲဦးလေးဆီထွက်လာခဲ့တယ် အကျိုးအကြောင်းတွေအားလုံးကိုပြောပြတော့ ဦးလေးလည်းအလုပ်ရှင်ဆီဖုန်းပြန်ဆက်တယ် ဘာလို့ငွေဒီလောက်ဘဲပေးသလဲဒီကိစ္စပြီး ဦးမှာမဟုတ်ဘူးလို့ပြောလိုက်တယ်။ ပြီးတော့ဦးလေးက အစ်ကိုကြီးတယောက်ဆီခေါ်သွားတယ် အဲဒီအစ်ကိုကြီးကလဲ မက်(ပ်)ဖေါင်ဒေးရှင်းဆီကိုခေါ်လာတယ်ခဲ့တယ်။ မက်(ပ်)ဖေါင်ဒေးရှင်းမှာအလုပ်လုပ်တဲ့ အကိုကြီးက အစိုးရ ၁နပေါင်းစုံရုံး **(ศาลากลาง)** မှာရှိတဲ့ အလုပ်သမားကြီးကြပ်စောင့်ရှောက်ရေးအာမခံချက်နှင့် ရပိုင်ခွင့်များ ဆိုင်ရာ အစိုးရရုံးမှာ အိမ်ဖော်လုပ်ပြီးငွေမရဘူးငွေအပြည့်ထုတ်မပေးဘူးဆိုပြီး အမှုဖွင့်တိုင်တန်းပေးခဲ့တယ်။ တာဝန်ခံတွေ ကလည်း အိမ်ရှင်ဆီအကြောင်းကြားပြီး အပြန်အလှန်ညှိနှိုင်းဖြေရှင်းပြောဆိုစေခဲ့တယ်။ သူတို့က ၁၈၀၀၀ဘတ် ဘဲပေးမယ် အရင်ကပေးထားတာ ၁၈၀၀၀ ဘတ် မှတ်ပုံတင်ခငွေပြန်နှုတ်တော့ ၁၂၀၀၀ ဘတ် ဘဲပေးဖို့ကျန်တယ် ဘယ်လိုဘဲဖြစ်ဖြစ် ၁၂၀၀၀ ဘတ်ဘဲပေးမယ်လို့ပြောတယ်။ ကျမတို့လည်း လက်မခံဘူးဒီ ထက်ပိုရမှ ကျေနပ်နိုင်မှာ ပေါ့။ အဲဒီနောက်တာဝန်ခံတွေနဲ့ဖြေရှင်းတယ်။ ပထမကတော့အလုပ်ရှင်နဲ့ တာဝန် ခံတွေညှိနှိုင်းကြတယ်၊ နောက် ထပ်ကျမတို့နဲ့တာဝန်ခံတွေညှိနှိုင်းကြတယ်။ နောက်ဆုံးတော့ အလုပ်ရှင်နဲ့ ကျမ တို့ကိုညှိနှိုင်းဖြေရှင်းခိုင်းတယ်။ နောက်ဆုံးမှာသူတို့က ဘတ် ၃၀၀၀၀ ပေးမယ်လို့ပြောတယ် အမှန်ရရမှာကဘတ် ၁၀၀၀၀၀ ကျော်တယ်။

အလုပ်သမားကြီးကြပ်စောင့်ရှောက်ရေးနဲ့ အလုပ်သမားရပိုင်ခွင့်များဆိုင်ရာရုံးတာဝန်ခံ တွေကလည်း အလုပ်သမားကြီးကြပ်စောင့်ရှောက်ရေးအာမခံချက်ဥပဒေမှုမှာ ပြီးခဲ့တဲ့ ၂နှစ်စာ အတွက်ကိုပဲ စွမ်းဆောင်နိုင်ကြောင်း ပြောပြကြတယ်။ တကယ်လို့ကြီးကြပ်စောင့်ရှောက်မှုအာမခံချက် ၅နှစ်သာအတွက်တရားစွဲချင်ရင်လို့မေးတော့ အစ်ကိုကြီးတွေကလည်း တရားစွဲမယ်ဆိုရင် ရှေ့နေလည်းငှားရမယ်အချိန်အများကြီးသုံးရမယ်လို့ပြောကြတယ်။ အလုပ်ရှင်ကလည်းငွေ အပြည့်ပေးရင် ဆိုလိုတာ ၃၀၀၀၀ ထပ်ဖြည့်ပေးရင် ၄၈၀၀၀ဖြစ်မယ် မှတ်ပုံတင်လုပ်ခပြန် မဖြတ်ဘူး ဆိုရင်လက်ခံမလားလို့မေးတယ်။ ကျမလည်းနေရာသစ်မှာပြောင်းပြီးအလုပ်လုပ်ချင်ပြီ၊ အဲဒါနဲ့သူ တို့က လည်းကျမကို တရားစွဲရာမှ ရုတ်သိမ်းကြောင်းလက်မှတ်ရေးထိုးခိုင်းတယ်၊ ငွေအားလုံး ၄၈၀၀၀ ဘတ်ပြန်ရတယ်။



## နန်းဆောင်ခမ်း၏ ဥပဒေနည်းလမ်းအရ တရားရင်ဆိုင်မှု

၁၄၊ ၇၊ ၂၀၀၆ ရက်နေ့တွင် နန်းဆောင်ခမ်းသည် အိမ်ဖော်လုပ်လာခဲ့တာ ၉နှစ်နဲ့ ၇လကြာခဲ့ပြီး လုပ်အားခငွေမရရ ခဲ့ဘူး ကြောင်း မည်သို့ လုပ်သင့်ပါသလဲဟူ၍မက်(ပ်)ဖေါင်ဒေးရှင်းသို့ အကြံ တောင်းတိုင်ပင်လာသဖြင့် မက်(ပ်)ဖေါင်ဒေးရှင်းမှ ဥပဒေနည်းအရ အမှုရင်ဆိုင်နည်းများကိုရှင်းလင်း ပြောပြခဲ့သည် နန်းဆောင်ခမ်းသည် ဥပဒေနည်းအရအမှုရင်ဆိုင် ဖြေရှင်းရန် ဆုံးဖြတ်ခဲ့ပြီး အလုပ်သမားကြီးကြပ်စောင့်ရှောက်ရေးအာမခံချက်နှင့် ရပိုင်ခွင့် များဆိုင်ရာရုံးတွင်ရှိသော အလုပ်သမားစီစစ်ရေးတာဝန်ခံသို့ တိုင်ကြားခဲ့သည်။

၃၊ ဩဂုတ်၊ ၂၀၀၆ ရက်တွင် အလုပ်သမားကြီးကြပ်စောင့်ရှောက်ရေးနှင့် ရပိုင်ခွင့်များဆိုင်ရာလုပ်ငန်းတာဝန်ခံများထံသို့ နန်းဆောင်ခမ်းအား အမှုစစ်မေး မြန်းရန်ခေါ်ဆောင်ခဲ့သည်။

၁၁၊ ဩဂုတ်၊ ၂၀၀၆ ရက်တွင် အလုပ်သမားကြီးကြပ်စောင့်ရှောက်ရေးနှင့် ရပိုင်ခွင့်များဆိုင်ရာလုပ်ငန်းတာဝန်ခံများထံသို့ အလုပ်ရှင်အား အမှုစစ်မေး မြန်းရန်ခေါ်ဆောင်ခဲ့သည်။

၃၀၊ ဩဂုတ်၊ ၂၀၀၆ တွင် အလုပ်ရှင်မှနန်းဆောင်ခမ်း၏ဆွေမျိုးများထံသို့ နန်းဆောင်ခမ်းနှင့် ညှိနှိုင်းဖြေရှင်းလိုကြောင်း အမှုအမြန်ဆုံးပြီးစေလိုကြောင်း ဖုန်းဆက်လာသဖြင့် အလုပ်ရှင်နှင့်ညှိနှိုင်းဆွေးနွေးရန် အလုပ်သမားကြီးကြပ် စောင့်ရှောက်ရေးအာမခံချက်နှင့်ရပိုင်ခွင့်များဆိုင်ရာလုပ်ငန်းရုံးတွင် တွေ့ဆုံခဲ့သည်။

အလုပ်ရှင်နှင့် နန်းဆောင်ခမ်းတို့ညှိနှိုင်းဖြေရှင်းရာတွင် အလုပ်ရှင်မှဘတ်ငွေ ၃၀၀၀၀ ရှင်းပေးရန်အလုပ်သမား ကြီးကြပ်စောင့်ရှောက်ရေးအာမခံချက်နှင့် ရပိုင်ခွင့်များဆိုင်ရာ လုပ်ငန်းရုံးရှိ အလုပ်သမားစီစစ်ရေးတာဝန်ခံများရှေ့တွင် လက်ခံခဲ့သည်။ အလုပ်ရှင်နှင့် နန်းဆောင်ခမ်းတို့အား သဘောတူညီကြကြောင်း သက်သေအထောက်အထားဖြစ်ရန် တာဝန်ခံများရှေ့တွင် လက်မှတ်ရေးထိုးစေခဲ့သည်။

### *အလုပ်သမားလက်ခံရရှိသောငွေပေါင်း*

| | |
|---|---|
| ၈၊ ဇူလိုင်၊ ၂၀၀၆ အလုပ်ရှင်မှနန်းဆောင်ခမ်းအား အလုပ်ထွက်သည့်ရက်တွင်ပေးသောငွေ | ၁၈၀၀၀ |
| ၃၀၊ စက်တင်ဘာ၊ ၂၀၀၆ အလုပ်ရှင်နှင့် နန်းဆောင်ခမ်းတို့ညှိနှိုင်း ဖြေရှင်းရာမှရှင်းပေးရန်သဘောတူခဲ့သောငွေ | ၃၀၀၀၀ |
| စုစုပေါင်းနန်းဆောင်ခမ်းလက်ခံရရှိငွေ | ၄၈၀၀၀ |
| နန်းဆောင်ခမ်းတောင်းဆိုထားသောရသင့်ငွေ | ၁၂၈၇၀၀ |

နန်းဆောင်ခမ်းမှာ လက်ကျန်ရရှိရန်လုပ်အားခငွေများထံမှ ၄၈၀၀၀ ဘတ်သာရရှိရသည့်အကြောင်းရင်း မှာ ဥပဒေအရနှစ်ပေါင်းမည်မျှအလုပ်လုပ်လာသည်ဖြစ်စေ ကျန်ရှိငွေ နှစ်နှစ်စာခန့်ကိုသာတောင်းဆိုနိုင်ခြင်းကြောင့်ဖြစ်ပေသည်။ သင်သည်ဘယ်ကလာ သည်ဖြစ်စေ၊ ဘာအလုပ်လုပ်သည်ဖြစ်စေ၊ ဘယ်လူမျိုးပင်ဖြစ်စေ ဥပဒေအရအမှုရင်ဆိုင် နိုင်သည်။ နန်းဆောင်ခမ်းကို အကြောင်း ပြ၍ သင့်အားအသိပေးလိုသည်မှာ သတင်းအချက်အလက်များနှင့် ဥပဒေနည်းအရအမှုရင်ဆိုင်ခြင်းသည် အမှန်တကယ်အသုံး ပနိုင်ပေသည်။ အရေးကြီးသည့်အချက်မှာ အလုပ်သမားကာကွယ်ရေးဥပဒေဆိုင်ရာ ဗဟုသုတရှိပြီး ခိုင်မာသည့်သက်သေအထောက် အထားနှင့် မိမိ စိတ်ကိုမိမိယုံကြည်စိတ်ချမှုသည် အရေးအကြီးဆုံးသောအချက်ပင်ဖြစ်ပေသည်။

# သူတပါးအိမ်တွင်းတွင်အလုပ်လုပ်သောအလုပ်သမား၏ အန္တရာယ်တွင်းမှကိုယ်လွတ်ရုန်းနည်း




သူများအိမ်မှာအလုပ်လုပ်တဲ့ အမျိုးသမီးလေးတစ်ယောက်ရှိတယ်တဲ့၊ အလုပ်ရှင်သူဌေးနဲ့ သဌေးကတော်ကသူ့ကိုဘယ်တော့မှအပြင်ပေးမထွက်ဘူး၊ အကယ်၍အလုပ်ရှင်တွေအပြင်သွားတယ်ဆိုရင် သူ့ကိုအိမ်ထဲမှာဘဲအလုပ်လုပ်ခိုင်းပြီး အပြင်ကနေသော့ခတ်သွားကြတယ်။ နောက်ဆုံးတော့သူမကလည်း အဲဒီအိမ်ကနေ ထွက်နိုင်ဖို့အတွက်နည်းလမ်းစဉ်းစားပြီး သူ့ရဲ့အလုပ်ရှင်ကို သူ့အစ်ကိုနေမကောင်းလို့ဆေးရုံတက်နေရကြောင်းနဲ့ သူ့အစ် ကိုကိုသွားကြည့်ဖို့ အပြင်ထွက်ခွင့်တောင်းတာနဲ့ နောက်ဆုံးတော့အလုပ်ရှင်ကလည်း သူမကိုအပြင်ထွက်ခွင့်ပေးလိုက်တယ် (အေး — ဒါဆိုလည်းသွားပေါ့ ငါးနာရီတော့အိမ်အရောက်ပြန်ရမယ်နော်) သူမထွက်သွားတော့သူမရဲ့ပိုက်ဆံအိတ် နဲ့လွယ်အိတ်လေးတလုံးဘဲယူသွားတယ်၊ အဝတ်အစားတွေ အများကြီးယူသွားရင်အလုပ်ရှင်ကရိပ်မိမှာစိုးလို့ဘာအဝတ်အစားမှယူမသွားဘူး၊ အဲဒီအိမ်ကနေလွတ်မှသူမလဲဝမ်းသာအားရနဲ့ **(ဟေး— အခုတော့ ထောင်ကလွတ်ပြီ)လို့အော်ပြီး အဲဒီအိမ်ကိုဘယ်တော့မှပြန်မသွားတော့ဘူး။**







သူများအိမ်မှာအလုပ်သွားလုပ်တဲ့မိန်းကလေးတယောက်ရှိတယ်တဲ့၊ သူတို့ရဲ့အိမ်ရှင်သူဌေးကသူများအပေါ် အတင်းအဓမ္မမတရားကာမ ပကျင့်ချင်တဲ့လူဖြစ်တယ်၊ ဘယ်သူမဆိုသူ့အိမ်မှာလာပြီး နေဖူး (အလုပ်လုပ်ဖူး) တဲ့သူတွေကိုအဲဒီလို အဓမ္မ မတရား ပကျင့်ခဲ့တယ်၊ ပြီးတော့ဒီမိန်းကလေးဟာလည်းသူအဓမ္မ ပကျင့်ဖို့ကြံရွယ်ခြင်း ခံနေရတဲ့သူပေါ့၊ အိမ်ရှင်သူဌေးကလိမ်ပြီးသူ့အခန်းသွားရှင်းခိုင်း တယ်၊ သူမလည်းမတတ်နိုင်တာနဲ့ အိမ်ရှင်သူဌေးရဲ့ အခန်းထဲဝင်ခဲ့ရတယ်၊ အိမ်ရှင်သူဌေးကသူ့ကိုမုဒိန်းကျင့်ဖို့လုပ်တယ်၊ အဲဒီချိန်မှာသူမကတွေးတယ်ငါသာတစ်ခု ခုမလုပ်ရင်သူလုပ်သမျှကိုခံရတော့မှာဆိုပြီး တော့ သူ့ရဲ့ သူဌေးကိုကျွန်မယောကျ်ားကအေ့(စ်) AIDS ဖြစ်ပြီးသေတာ ကျွန်မလဲအေ့(စ်) ရောဂါဖြစ် နေတယ် လို့လိမ်တော့ အိမ်ရှင်သူဌေးကလဲသူ့ကိုချက်ချင်း လ   တ်ဆေးလိုက်တယ်။

ဒါဟာလဲ အန္တရာယ်ကြားကနေကိုယ်လွတ်ရုန်းနည်းတမျိုးဖြစ်ပါတယ်၊ အကယ်၍သူမသာ အေ့(စ်) ရောဂါဖြစ်နေတယ်လို့မလိမ်ညာခဲ့ရင်သူမလည်း သူမရဲ့ အိမ်ရှင်သူဌေးရဲ့အဓမ္မမုဒိန်းကျင့်ခြင်းကိုခံရမှာဘဲ။ နောက်ဆုံးတော့သူမလည်းအဲဒီအိမ်ကနေထွက်လာခဲ့တယ်။




ชื่อและที่อยู่ผู้รับ
50200


ဟာ–အခုငါဘယ်မှာနေတယ် ဆိုတာကိုမသိဘူးအိမ်ရှင်သူ နဲ့သူ း ကတော်နာမည်လဲမသိဘူး၊ ငါဘယ်လိုလုပ်ရကောင်းမလဲ။
အေး– ဒါဆိုရင်စာအိတ်ပေါ်ကြည့် လေ စာအိတ်ပေါ်မှာ မင်းရဲ့အိမ်ရှင် သဌေး၊ သဌေးကတော်နာမည်နဲ့နေ ရပ်လိပ်စာပါလိမ့်မယ်။
ဟား–အိမ်နံပါတ်ဆိုတာ ငါရှာလို့မတွေ့ဘူး၊ မင်းပြော တဲ့အိမ်နံပါတ်ဆိုတာက ဘယ်မှာတုန်း။
အေး– အိမ်နံပါတ်ဆိုတာက အိမ်ခြံတခါး ဝမှာ ကပ်ထားတာကွ၊ သွားကြည့် လိုက်အုံး။
အေး– အခက်အခဲရှိလို့ အဲဒီအခက်အခဲ ကိုဘယ်လိုဖြေရှင်းရမှန်းမသိရင် ၀၅၃–၈၁၁၂၀၂ ဆိုတဲ့ ဖုန်းနံပါတ်ကိုဆက် သွယ် မေးမြန်းပြီးအကူ အညီတောင်း လို့ရတယ်။
အဲဒီနေရာကဘာလဲ၊ ဘယ်နေရာလဲ၊ ဘာလို့အဲဒီ ကိုဆက်သွယ်ရတာလဲ။
ဪ— အေး အဲဒါက အလုပ်သမားကျန်းမာရေးနဲ့ ပညာ ပေးအစီအစဉ်၊ တိုင်းရင်းသားရွှေ့ ပြောင်းအ လုပ်သမားတွေအခက် အခဲရှိရင် အဲဒီမှာအကူအညီပေး လိမ့်တယ်။
အေး– ဒီလိုပြောပြတဲ့အတွက် ကျေးဇူးအများကြီးတင်တယ်ကွာ။ ချစ်တဲ့ညီအစ်ကိုမောင်နှမတို့ရော ဒီလိုအခက်အခဲမျိုးတွေ့ကြုံခဲ့ ရင်ဘယ်လိုနည်းလမ်းနဲ့ ကိုယ် လွတ်ရုန်းကြမလဲ။



***သတိပေးချက်*** – ဖော်ပြပါကိုယ်လွတ်ရုန်းနည်းများသည် သူတပါးအိမ်တွင်းတွင်အလုပ်လုပ်ခဲ့ဖူးသောအလုပ်သမားများ၏ ကိုယ်တွေ့အတွေ့အကြုံများဖြစ်သည်။ အကယ်၍ထိုနည်းများကိုအသုံး ပမည်ဆိုပါက မိမိ၏အခက်အခဲ၊ မိမိပြဿနာကိုဖြေရှင်းနိုင်မလားဟုအရင်ဦးဆုံးစဉ်းစားချင့်ချိန်သင့်ပါသည်။ အလုပ်သမားများ၏ ကိုယ်တွေ့အတွေ့အကြုံဖြစ်သည့် အန္တရာယ်တွင်းမှကိုယ်လွတ်ရုန်းနည်းများ တချို့လည်းအသုံး ပနိုင်မည်ဖြစ်သလို၊ အချို့လည်း အသုံး ပနိုင်မည်မဟုတ်ပါ။

# ကိုလံဘို ထုတ်ပြန်ကြေညာချက်

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ၂၀၀၂ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့မှ ၂၈ရက်နေ့အထိကျင်းပခဲ့သောပြည်တွင်းနိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားများကိစ္စဒေသဆိုင်ရာ ဆွေးနွေးပွဲ၌ ပြည်တွင်းနိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမား ကိုယ်စား လှယ်များ၊ အစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ အလုပ်သမားသမဂ္ဂကိုယ်စားလှယ်များ၊ အဲန်ဂျီအို အဖွဲ့အစည်းကိုယ်စားလှယ်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၃၂ ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။

လူသားတိုင်း နယ်မြေဒေသတခုအတွင်းနေထိုင်ပိုင်ခွင့်နှင့် နယ်ခြားကိုဖြတ်ကျော် ရွှေ့ပြောင်းပိုင်ခွင့်အခွင့်အရေးသည် လူ့အဖွဲ့အစည်း၏ အခြေခံလိုအပ်ချက် ဂုဏ်သိက္ခာတစ်ရပ်ဖြစ်သည်။ ပြည်တွင်း နိုင်ငံခြားသား ရွှေ့ပြောင်းအလုပ်သမားများတို့သည် လူ့အဖွဲ့အစည်း၏ လူမှုစီးပွါးရေးနှင့် ဒေသဆိုင်ရာစီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အရေးပါသောအခန်းက မှ ပါဝင်ဆောင်ရွက်နေကြပါသည်။




အဆိုပါ ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာပြည်တွင်းနိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားများအခွင့်အရေးနှင့် ဂုဏ်သိက္ခာအတွက် သက်ဆိုင်ရာ ဌာနအဖွဲ့အ စည်း အဆင့်ဆင့် အသီးသီးတို့၏ အလေးထားအသိအမှတ် ပမှု၊ အကာအကွယ်ပေးမှု လုပ်ငန်း စဉ်များကိုရေးဆွဲချမှတ်အကောင်အထည်ဖေါ်သွားနိုင်ရန်ဖြစ်သည်။ ဆွေးနွေးပွဲ၏ အဓိကဦးတည်ချက်မှာလုပ်သားတိုင်းအတွက် အခြေခံလူ့အခွင့်အရေးနှင့် လူသားဆိုင်ရာတန်ဖိုးများဖြစ်သော လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် လူလူချင်းခွဲခြားဆက်ဆံမှုကင်းစင် ရေးတို့ဖြစ်သည်။

ယနေ့အချိန်ကာလတွင် နိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားများတွေ့ကြုံရင်ဆိုင်နေကြရသော အခြေအနေမှာ တို့အပေါ်လူမှုစီးပွါးရေးတည်ဆောက်မှုလုပ်ငန်းခွင်တွင် ပါဝင်ဆောင်ရွက်နေသူများအဖြစ်သက်ဆိုင်ရာ အိမ်ရှင်နိုင်ငံ၏ အလေးအနက် တန်ဖိုး ထားအသိအမှတ်ပြုမှုရှိလာစေရန်လိုအပ်နေဆဲဖြစ်သည်။ ဤအချက်သည် တို့အပေါ် ခေါင်းပုံဖြတ်အမြတ်ထုတ်နိုင်ရန် အားနည်းချက်တရပ်ဖြစ်၍ အကာအကွယ်မဲ့ဖြစ်နေစေသည်။ မိသားစုအတွင်းလူမှုအသိုင်းအဝိုင်းအတွင်းတမျိုးသားလုံး၏ လိင်အရ လူမျိုးရေးအရ အဆင့်အတန်းအရ လူလူချင်းခွဲခြားဆက်ဆံမှုများ၊ ပစ်ပယ်ဖယ်ကျဉ် ဥပေက္ခာ ပမှုများ၊ ပုဂ္ဂလိကလုပ်ငန်းသဘောသဘာဝအခြေအနေများ၊ အကာအကွယ်ပေးလိုမှုနည်းပါးခြင်းများ၊

ထိုက်သင့်သောဝန်ဆောင်မှုတာဝန်ယူမှုကင်းမဲ့ခြင်းများ၊သတင်းအချက်အလက်ပြန်ကြားရေးလုပ်ငန်းမ ပြည့်စုံခြင်း များ စသည်တို့သည် တို့အပေါ်ခေါင်းပုံဖြတ်အမြတ်ထုတ်စေနိုင်ရန်နှင့်ဖိနှိပ်အကြမ်းဖက်စေနိုင်ရန်အားနည်းချက်များ တိုးတက်ဖြစ်ပေါ်နေစေသည်။ ထို့အပြင် တို့၏ ကျမ်းမာရေးနှင့်ဘေးကင်းလုံခြုံမှုများကိုပါထိခိုက်နစ်နာစေသည်။

အမျိုးမျိုးသော ငွေရှင်ကြေးရှင် လုပ်ငန်းရှင်လုပ်ငန်းအာဏာပိုင်များ (လုပ်သားရှာဖွေစုဆောင်းသူများ၊ လုပ်ငန်းပိုင်ရှင်များ၊ ကိုယ်စားလှယ်များ၊ အစိုးရဌာနဆိုင် ရာများ၊ စီးပွါးရေးသမားများ) တို့သည် ပြည်တွင်းနိုင်ငံခြားသားရွှေ့ပြောင်း အလုပ်သမားများ၏လူမှုရေးစီး ပွါးရေးပါဝင်တည်ဆောက်မှုအပေါ်အကျိုးအမြတ်ထုတ်ယူရေးတွင်သာ အလေးထားလက်တွဲဆောင်ရွက်လျက် ရှိနေကြသည်ကို တွေ့ရှိနေရပါသည်။

ဆွေးနွေးပွဲအတွင်း အချို့သောနိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားကိုယ်စားလှယ်များ လုပ်ငန်းအာဏာပိုင်ကိုယ်စားလှယ်များ၏ ထုတ်ဖေါ်ပြောပြချက် အရ လုပ်ငန်းရှင်များ၏ ပစ်ပယ်ဥပေက္ခာပြုမှုများ၊ ပြည်တွင်းနိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားများတို့သည်လူသားဆိုင်ရာအခြေခံလိုအပ်ချက်များကိစ္စတွင်လုပ်ငန်းရှင်များအပေါ် အားထားမှီခိုနေရခြင်းများ၊ ကိုယ်ပိုင် မှတ်ပုံတင် စာရွက်စာတမ်းကိုင်ဆောင်မှုကင်းမဲ့နေခြင်းများ၊ ခရီးသွားလာမှုကန့်သတ်ချုပ်ချယ်ခံနေရခြင်းများ၊ အိမ်တွင်းတွင်သာအနှောင်အဖွဲ့ခံနေရခြင်း များတို့သည် ရွှေ့ပြောင်းအလုပ်သမားများအထူးသဖြင့် အမျိုးသမီးများအားပိုမိုအားနည်းချက်ဖြစ်ပေါ်နေစေပါသည်။ များစွာသောနိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားများ တို့သည်ဓါးစာခံသားကောင်များအဖြစ် စွပ်စွဲခံရခြင်း အပြစ်တင်ခံရခြင်းအပြစ်ဒဏ်ပေးခံရခြင်းများ ခံစနေကြရပါသည်။ အချို့အမျိုးသမီးအလုပ်သမားများတို့သည် လိင်မှုဆိုင်ရာအလွဲသုံးစားခံရမှုများစော်ကားခံရမှုများ အမြတ်ထုတ်ခံရမှုများ တွေ့ကြုံရင်ဆိုင်ခဲ့ကြရပြီး အချို့မှာအသက်ဆုံးရှုံးခဲ့ကြရသည်။ လွတ်လပ်တရားမျှတစွာ တရားရုံးတွင် အမှုအခင်းရင်ဆိုင်ခွင့်၊ အသနားခံလွှာတင်သွင်းခွင့်၊ တရားသဖြင့် အဆုံးအဖြတ် ခံယူခွင့်စသောအခွင့်အရေးများ နည်းပါးနေခြင်း၊ လူဝင်မှု ဥပဒေ လုပ်ထုံးလုပ်နည်း ဆုံးဖြတ်ချက်များအား နည်းနေခြင်း၊ လိင်ပိုင်းဆိုင်ရာဘက်လိုက်မှုမူဝါဒများ ကျင့်သုံးနေခြင်း၊ နည်းဥပဒေပြ ဋ္ဌာန်းချက်နှင့်လက်တွေ့ ကျင့်သုံးဖေါ်ဆောင်မှုကွာဟနေခြင်းများတို့သည်နိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားများအတွက်လူသား အခွင့်အရေးဆိုင်ရာနှင့်ဘေးကင်းလုံခြုံမှုများကိုပိုမို ထိခိုက်ပျက်ပြားနေစေသည်။

နိုင်ငံတစ်ခု၏ လူမှုစီးပွါးရေးရာကိစ္စများတွင်ပြည် တွင်းအလုပ်အကိုင်များ အရေးပါမှုအပေါ်အလေးအ နက် တန်ဖိုးထားမှု ရှိမှသာလျှင် ပြည်တွင်းနိုင်ငံခြားသား ရွှေ့ပြောင်းအလုပ်သမားများအတွက်ဂုဏ်သိက္ခာတရားမျှတမှုနှင့်အခွင့်အရေးများသည်လည်း အာမခံချက် ရရှိနိုင်မည်ဖြစ်သည်။ တရားမျှတသင့်တင့်လျောက် ပတ်သောလုပ်ခလစာရရှိခံစားပိုင်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖေါ်ပြောဆိုပိုင်ခွင့်၊ လွတ်လပ်စွာစည်းရုံးလှုပ်ရှား ပိုင်ခွင့်၊ ဘာသာရေးလွတ်လပ်စွာယုံကြည်ကိုးကွယ်ပိုင် ခွင့်၊ သီးခြားလွတ်လပ်စွာ ရပ်တည်နေထိုင်ပိုင်ခွင့်၊ အနားယူအပမ်းဖြေပိုင်ခွင့်၊ မဲဆန္ဒသဘောထားပေးပိုင်ခွင့် အစရှိသည့်အလုပ်သမားများဆိုင်ရာ အခွင့်အရေးတို့ကို အသိအမှတ် ပြုမှုနှင့်ကာကွယ်စောင့်ရှောက်မှုတို့အပြည့်အဝအာမခံချက်ရှိစေရမည်ဖြစ်သည်။ အခမဲ့ ကျမ်းမာရေး ပစုစောင့်ရှောက် ဝန်ဆောင်မှုစနစ်၊ လူမှု ဖူလုံရေးစနစ်၊ သတင်းပြန်ကြားရေးနှင့်ဆက်သွယ်ရေးစနစ်များအပါအဝင်လုပ်ငန်းခွင်ပညာပေးသင်တန်းများအကူအညီအထောက်အပံ့များ အကြံဉာဏ်ပြုချက် တိုင်ပင်ရယူနိုင်ခြင်းများ အစရှိသည့် လူမှုစီးပွါးရေးဆိုင်ရာတရားဝင်အခွင့်အလမ်းများသည်လည်း အောင် မြင်မှုရှိသောဘေးကင်းလုံခြုံမှုရှိသော ရွှေ့ပြောင်းအလုပ်သမားများ




ဆိုင်ရာလုပ်ငန်းစဉ်များအဖြစ်ပြည်တွင်းနိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားများနှင့် တို့၏မိသားစုဝင်များအတွက် မရှိမဖြစ် လိုအပ်ချက်များဖြစ်သည်။ သို့မှသာလျှင်ပြည်တွင်းနိုင်ငံခြားသားရွှေ့ပြောင်း အလုပ်သမားများနှင့် တို့၏မိသားစုဝင်များ လူနေမှုဘဝ အဆင့်အတန်း ပိုမိုတိုးတက်မြ ၄့်တင်စေနိုင်မည့် အားဖြည့်ချက်များ ဖြစ်ပေါ်လာနိုင်မည့်အပြင် တို့နေထိုင်ရာ အလုပ်လုပ်ရာ လူမှုအသိုင်းအဝိုင်း အရည်အသွေး လူနေမှုစနစ်အားလည်း ဖွံ့ ဖးတိုးတက်လာစေနိုင်မည် ဖြစ်သည်။

ပြည်တွင်း နိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ အရေးကိစ္စများနှင့်ပတ်သက်၍ အစိုးရအဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများလူမှုအဖွဲ့အစည်းများ၏လက်ရှိကာလအ ပသဘော ကးပမ်းဆောင်ရွက်ချက်များတိုးတက်ဖြစ်ထွန်းမှုရလဒ်များအပေါ်တွင်လည်းကျွန်ုပ်တို့လေးစားအသိအမှတ် ပ ပါသည်။ မည်သို့ပင်ဖြစ်စေ ဤအစပျိုး ကးပမ်းဆောင်ရွက်ချက်များကိုအခြေပြု၍လုပ်ငန်းလည်ပတ်မှုယန္တရားကိုပိုမိုအင်အားဖြည့်ဆည်းဖော်ဆောင်သွားရေးသည် ၊လက်ရှိလုပ်ငန်းစဉ်များအပေါ် ပြန်လည်သုံးသပ်စိစစ် ၍ ဝင်ရောက်စွက်ဖက် ပတ်သက်မှုများအကျိုး ပလုပ်ငန်း စဉ်များကိုထပ်မံဆန်းသစ်တီထွင်ဖန်တီးကာပူးပေါင်းပါဝင်ဆောင်ရွက်သူများနှင့်အတူ တကွ လက်တွဲ တိုးချဲ့ ကးပမ်းသွားရေးသည် လိုအပ်လျက်ပင်ဖြစ်သည်။

ပြည်တွင်း နိုင်ငံခြားသား ရွှေ့ပြောင်းအလုပ်သမားများ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်၏ အခြားလိုအပ်ချက်များမှာနိုင်ငံ၏ တွင်းအလုပ်အကိုင် ကိစ္စများသည် နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသည့် အလုပ်သမားဆိုင်ရာ အမျိုးသားဥပဒေ ပမှု အဆင့်အတန်း အပြည့်အဝရှိ စေရန်၊ လူ့အခွင့်အ ရေးဆိုင်ရာအခြေခံမှုများလက်တွေ့ကျင့်သုံးမှုများရှိစေရန်၊ လိင်ဆိုင်ရာတရား မျှတမှု ရှိစေရန်တို့ဖြစ်သည်။ ထို့အပြင်ကျွန်ုပ်တို့သည်ပြည်တွင်းအလုပ်အကိုင်ဆိုင်ရာကိစ္စများအနက်အဓိပ္ပါယ် ဖွင့်ဆိုမှုတွင်လူ့အခွင့်အရေးအခြေခံမှုများနှင့်ဆက်စပ်ဖော်ဆောင်ရေးသည်လည်း အရေးပါလှသည်။ အထူးသဖြင့် လုပ်ငန်းဆိုင်ရာကန်ထရိုက်သဘောတူညီချက်များရေးဆွဲသတ်မှတ်ရာနှင့်အကောင်အထည်ဖော်ဆောင်ရွက်ရာတို့တွင်ဖြစ်သည်။

ပြည်တွင်း နိုင်ငံခြားသား ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိအမှတ်ပြုမှုဆိုင်ရာစောင့် ရှောက်ကာကွယ်မှုဆိုင်ရာ လူသားဂုဏ်သိက္ခာဆိုင်ရာ ရေးရာကိစ္စများ ဖြေရှင်းကိုင်တွယ် ဖော်ဆောင်ရာတွင် အောက်ပါ မဟာဗျူဟာနည်းဗျူဟာများ မူဝါဒများ လုပ်ငန်းစီမံချက်များပါဝင်ပတ်သက်ရေးအစီအစဉ်ရေးဆွဲချမှတ်ချက်များတို့ကိုအခြေခံ ပ၍ဆောင်ရွက်သွားကြရန်ဖြစ်သည်။

## *အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ*

( ၁ ) နိုင်ငံရပ်ခြား အလုပ်အကိုင် အခွင့်အလမ်းများသည် အလုပ်သမားများအား ဆုံးရှုံးနစ်နာစေမည့် အပေးအယူသဘော ညှိနှိုင်းဆောင်ရွက်မှု မရှိစေရေး ရွှေ့ပြောင်းအလုပ်သမားများ၏ မူလဇာတိနိုင်ငံများအနေဖြင့် သေချာမှုရှိစေရန်။ အထူးသဖြင့် ပြည်တွင်းနိုင်ငံခြားသား ရွှေ့ပြောင်းအလုပ်သမားများ အကျိုးအတွက်သေချာစွာ ဆန်းစစ်မှုပြုရန်။

( ၂ ) ပြည်တွင်းနိုင်ငံခြားသား ရွှေ့ပြောင်းအလုပ်သမားတို့အား ရွှေ့ပြောင်းလာသူအဖြစ် ၊အလုပ်သ

မားအဖြစ် အသိအမှတ် ပရန်။

( ၃ ) တရားဝင်စာရွက်စာတမ်းကိုင်ဆောင်သူဖြစ်စေ မကိုင်ဆောင်သူဖြစ်စေ ပြည်တွင်း နိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားတိုင်းအား လက်ရှိနိုင်ငံတကာအလုပ်သမား အခွင့်အရေးအရ ၊ လူ့အခွင့်အရေးစံနှုန်းအရ ကျင့်သုံးဆက်ဆံမှု ပြုကြစေရန်။

( ၄ ) စီးပွါးရေးနှင့် လူမှုရေး ကုန်ကျစရိတ်ကိစ္စများ၊ ကျမ်းမာရေးချွတ်ယွင်း အားနည်းချက်အလားအလာကိစ္စအပါအဝင်နိုင်ငံရပ်ခြားအလုပ်အကိုင်၏အကြောင်းအရာအကျိုးအပြစ်များနှင့်ပတ်သက်၍တိကျခိုင်လုံ ယုတ္တိရှိသောဖြစ်ရပ်မှန်သတင်းအချက်အလက်များကို ရွှေ့ပြောင်းဝင်ရောက်မှုလုပ်ငန်းစဉ်အဆင့် တိုင်းတွင် ရွှေ့ပြောင်းအလုပ်သမားများသိမြင်သဘောပေါက်ကာ အောင်မြင်စွာ ရင်ဆိုင်ကျော်လွှားနိုင်စေရေးတသားတည်းဝင်ဆန့်နိုင်စေရေး ကြိုတင်အသိ ပေးမှုပြုရန်။

( ၅ ) ပြည်တွင်း နိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားတိုင်းတို့သည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရား၊ မျိုးပြန့်ပွါးခြင်းဆိုင်ရာ၊ လိင်မှုဆိုင်ရာ ကျန်းမာရေးအခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိစေရန်။ လက်ထပ်ပိုင်ခွင့်ကလေးမွေးပိုင်ခွင့်နှင့် မိသားစုဘဝထူထောင်ပိုင်ခွင့်တို့အပြည့်အဝ ရရှိခံစားနိုင်ကြစေရန်။

( ၆ ) ပြည်တွင်း နိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားတိုင်းတို့သည် အလုပ်သမားဆိုင်ရာ အခွင့်အရေးများကို သာတူညီမျှရရှိခံစားပိုင်ခွင့် ရှိကြစေရန်။ နေထိုင်ရာနေရာနှင့် အလုပ်အကိုင် ပြောင်းလဲခွင့် ရရှိကြစေရန်။

( ၇ ) ရွှေ့ပြောင်း အလုပ်သမားတိုင်း အထူးသဖြင့် ပြည်တွင်း နိုင်ငံခြားသား ရွှေ့ပြောင်းအလုပ်သမားများနှင့် တို့၏ကလေးများတို့သည် ပညာရေးလေ့လာသင်ကြားနိုင်မှု အခွင့်အလမ်းများ ရရှိကြစေရန်။

( ၈ ) မူရင်းဇာတိနိုင်ငံ၏ ရွေးချယ်တင်မြောက်ပွဲများတွင် ရွှေ့ပြောင်းအလုပ်သမားများ မဲဆန္ဒပေးပိုင်ခွင့်ရရှိကြစေရေး သက်ဆိုင်ရာ မူရင်းဇာတိနိုင်ငံအနေဖြင့် စီစဉ်ဆောင်ရွက်ပေးရန်။

## *မူဝါဒ နှင့် လုပ်ငန်းယန္တယား ဆိုင်ရာများ*

( ၉ ) မူရင်းဇာတိနိုင်ငံ၏ မူဝါဒနှင့်စီမံကိန်းများ ရေးဆွဲချမှတ်ခြင်း လုပ်ငန်းစဉ်တို့တွင် ရွှေ့ပြောင်းအလုပ်သမားများ ပါဝင်ဆောင်ရွက်ခွင့် ရရှိကြစေရန်။ ထို့ပြင်နိုင်ငံတကာဆိုင်ရာ လူမှုရေးနှင့်စီးပွါးရေးအဆောက်အအုံတို့ တွင်လည်း ပါဝင်ဆောင်ရွက်ခွင့် ရရှိကြစေရန်။

( ၁၀ ) ၁၉၉၀ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ နိုင်ငံတကာအထွေထွေညီလာခံမှ အတည်ပြုခဲ့သော ရွှေ့ပြောင်းအလုပ်သမားများ တို့၏မိသားစုဝင်များ အခွင့်အရေး ကာကွယ်စောင့်ရှောက်မှု ပြဌာန်းချက် နှင့် အခြားနိုင်ငံတကာ ပြဌာန်းချက်များတို့သည် မူရင်းဇာတိနိုင်ငံတွင် ရွှေ့ပြောင်းနေထိုင် လုပ်ကိုင်ရာနိုင်ငံတွင် အခွင့်အရေးကာကွယ်စောင့်ရှောက်မှုအခြေခံသောချဉ်းကပ်ဖေါ်ဆောင်ချက်များဖြင့် အကျိုးသက်ရောက်မှု ရှိစေရန်။

( ၁၁ ) အမျိုးသမီးများ ရွှေ့ပြောင်းနေထိုင်အလုပ်လုပ်ပိုင်ခွင့် တားမြစ်ပိတ်ပင်မှု ချုပ်ချယ်ကန့်သတ်မှုများ ကို လူ့အခွင့်အရေးအခြေခံမှု အနှစ်သာရများအရပြန်လည်ရုပ်သိမ်းရန်။

( ၁၂ ) ဘေးကင်းလုံခြုံမှုနှင့်ပတ်သက်သော အရေးယူဆောင်ရွက်ချက်များသည် ရွှေ့ပြောင်းနေထိုင်သူများအထူးသဖြင့် ပြည်တွင်း နိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားများအပေါ်တလွဲထင်မြင်စေမည့် အ ပဒမှုများအဖြစ်သို့ ဦးတည်ပြောင်းလဲမှုမရှိစေရန်။

( ၁၃ ) မူရင်းဇာတိနိုင်ငံနှင့် ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်ရာနိုင်ငံများအကြား နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံများ




ဆိုင်ရာသဘောတူညီချက်နှင့်စီစဉ်ဆောင်ရွက်ချက် များတို့ သည် ပြည်တွင်းနိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားများ အပါအဝင်ရွှေ့ပြောင်းနေထိုင်သူများ တို့၏ အခွင့်အရေးကာကွယ်စောင့်ရှောက်မှုအပေါ်တွင်အလေးထားရေးဆွဲတည်ဆောက်ရန်။ ထိုသဘောတူညီချက်များထဲတွင်အလုပ်သမားရှာဖွေငှါးရမ်းရေးနှင့်လုပ်ငန်းကိုယ်စားလှယ်များဆိုင်ရာလုပ်ထုံးလုပ်နည်းစည်းမျဉ်းများ၏ တာဝန်ယူမှုနှင့် ရိုးသား ပွင့်လင်းမှုများ ကိုပါထင်ဟပ်ဖော်ပြပါရှိစေရန်။ အကောင်အထည်ဖော်ဆောင်မှုနှင့်တုန့်ပြန်ဆောင် ရွက်မှုလမ်းညွှန်များကိုပါ ပူးတွဲဖော်ပြပါရှိစေရန်။ ထို့ပြင်ထိုသဘောတူညီချက်များသည်လုပ်ငန်းဆိုင်ရာတိကျသောစကားလုံးအသုံးအနှုန်း ရှင်းလင်းသောအနက်အဓိပ္ပါယ်ဖွင့်ဆိုချက်များ ပါရှိ၍ နိုင်ငံတကာအလုပ်သမားစံနှုန်းအဆင့်အတန်း မှီစေရန်။

( ၁၄ ) ဒေသဆိုင်ရာရွှေ့ပြောင်း ခြင်းကိစ္စစိမ်ခေါ်အားစမ်းမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင်အစိုးရနှင့်လူမှုအဖွဲ့အစည်းအဆင့်ဆင့်တို့၏ ဒေသတွင်းလုပ်ငန်းဖော်ဆောင်မှု အစီအစဉ်များသည် အစပျိုးအဆင့်မှ စတင်၍ အများကအမြင်သဘောထားတူညီလက်ခံလိုက်နာလာနိုင်စေမည့် ဆင့်ကဲပြောင်းလဲ တိုးတက်မှုသို့ဦးတည်ဆောင်ရွက်သွားရန်။

( ၁၅ ) အမျိုးသားနိုင်ငံ အသီးသီးနှင့် ဒေသဆိုင်ရာအဆင့် တို့တွင် လုပ်ငန်းလည်ပတ်မှု ယန္တယားများထူထောင် တည်ဆောက်ကြရန်။ ထို လုပ်ငန်းလည်ပတ်မှု ယန္တယားများတို့သည် ပြည်တွင်းနိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားများအတွက် အထောက်အကူဝန်ဆောင်မှုဖြစ်စေမည့် ထိရောက်သောဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ လွတ်လပ်သော ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းများ၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ ရှိစေရန်။ တိုင်ပင် အကြံဉာဏ်ရယူနိုင်သည့် အခွင့်အရေးများ ကျင့်သုံးပိုင်ခွင့် အာမခံချက်ရှိစေရန်။ အတိုင်ပင်ခံဝန်ဆောင်မှုလုပ်ငန်းများအထူးသဖြင့်တရားဥပဒေဆိုင် ရာနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ ကိုလည်းပိုမိုအားဖြည့်ဆောင်ရွက်သွားကြရန်။

( ၁၆ ) မူဝါဒနှင့် လုပ်ငန်းလည်ပတ်မှုယန္တယားများ ထူထောင်တည်ဆောက်ရာတွင် တို့နှင့်သက်ဆိုင်သည့် ရေးရာကိစ္စများ ကိုင်တွယ်ဖြေရှင်းရေးအစီအစဉ်များ ရေးဆွဲချမှတ်ခြင်း အကောင်အထည်ဖော်ဆောင်ခြင်းတို့၌ ပြည်တွင်း နိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားများ၏ ပိုမို ပါဝင်ဆောင်ရွက်ခွင့် ရရှိစေရန်။

## ဝင်ရောက်စွက်ဖက်ပတ်သက်ခြင်းဆိုင်ရာများ

( ၁၇ ) ရွှေ့ပြောင်းဝင်ရောက်စဉ်ကာလ ဖြစ်ပွါးလေ့ရှိသော လူကုန်ကူးမှုနှင့် လူခိုးသွင်းသယ်ဆောင်မှုများအား ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရေး အစီအစဉ်များကို ရေးဆွဲချမှတ်ဖော်ဆောင်သွားရန်။

( ၁၈ ) ပြည်တွင်း နိုင်ငံခြားသား ရွှေ့ပြောင်းအလုပ်သမားများအတွက် ငွေပို့ငွေလွှဲများ စုဆောင်း

ငွေများလွှဲပြောင်းပေးပို့ခြင်း လုံခြုံစိတ်ချရမှုရှိစေရန် စည်းမျဉ်းသတ် မှတ်မှုများ စီစဉ်ဆောင်ရွက်မှုများ ပလုပ်ဆေးရန်။

( ၁၉ ) အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိစေမှု၊ အသက်ဆုံးရှုံးစေမှု၊ အပြစ်မဲ့ ဖမ်းဆီးချုပ်နှောင်မှု၊ ပြစ်ဒဏ်ပေးမှု၊ မတရား စီရင်ဆုံးဖြတ်မှု၊ လိင်မှုဆိုင်ရာအကြမ်းဖက်မှု၊ အလွဲသုံးစားပြုမှု စသည့် လူ့အခွင့်အရေးဖေါက်ဖျက်ကျူးလွန်မှုကိစ္စများတွင် သက်ဆိုင်ရာအစိုးရမှ အပြည့်အဝတာဝန်ယူ၍ ပွင့်လင်း မြင်သာသည့် စုံစမ်းမှုများ ပလုပ်ခြင်း ကျူးလွန်သူအပေါ် အရေးယူအပြစ်ပေးခြင်းများ မပျက်မကွက် ပြုလုပ်ရန်။

( ၂၀ ) ပြည်တွင်း နိုင်ငံခြားသား ရွှေ့ပြောင်းအလုပ်သမားများ အရည်အချင်း ကျွမ်းကျင်မှုနှင့် ထက်မြက်မှုများပြည့်ဝလာစေရေးတွင် အစိုးရနှင့်လူမှုအဖွဲ့အစည်းများက စီစဉ်ဆောင်ရွက်ပေးရန်။

( ၂၁ ) လူမျိုးရေးခွဲခြားမှု ဆန့်ကျင်ရေး ကမ္ဘာ့ကွန်ဖရင့်ကြီးမှ ဒါဘန်း ထုတ်ပြန်ကြေညာချက်နှင့် တုန့်ပြန်အရေးယူမှုအစီအစဉ်များသည် လူမျိုးရေးခွဲခြားမှုအထင်သေးမှု နှိမ့်ချဆက်ဆံမှု ပပျောက်ရေးနှင့် အခြားလက်ခံနိုင်ဖွယ်ရာမရှိသည့် အ ပအမှုများ တိုက်ဖျက်ရေးအ တွက် ကးပမ်းချက်တရပ်ပဖြစ်သည်။ ဤအစီအစဉ်၌ အကြုံးဝင်သည့် အစိပ်အပိုင်းတရပ်အနေဖြင့် ပြည်တွင်းအလုပ်အကိုင်များအပေါ် အသိအမှတ် ပ တန်ဖိုးထားမှု အ ပသဘော စိတ်နေသဘောထားများ ပြည်သူလူထု အတွင်း ကျယ်ကျယ်ပြန့်ပြန့် လက်ခံသတိမှုမိကြစေရေး ကြိုးပမ်းဖေါ်ဆောင်သွားရန်။ သတင်းမီဒီယာများ လူမှုအဖွဲ့အစည်းများအနေဖြင့်လည်း တက် ကစွာပိုမိုတာဝန်ယူ ပါဝင်အကျိ ပသွားကြရန်။

( ၂၂ ) ဤဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်ခဲ့ကြသော ကျွန်ုပ်တို့သည် ယခင်ပုံစံဟောင်း ဒေသဆိုင်ရာ သီးခြားစီဆောင်ရွက်မှုများ မပြုလုပ်တော့ဘဲ လက်ရှိဖွဲ့စည်းမှုပုံစံအတိုင်း ဆွေးနွေးပွဲများဆက်လက်ကျင်းပသွားရေးကို သဘောတူညီကြပါသည်။ ဆွေးနွေးပွဲများသည် ပါဝင်ပတ်သက်သူအားလုံး၏ ဦးစားပေးရွေးချယ်ချက် ဖီလာဆန့်ကျင် ဖြစ်နေမှုများ စိုးရိမ်ကြောင့်ကျဖြစ်နေမှုများ မတူညီသည့် အကျိုးစီးပွါးများကို ပြန်လည်ရင်ကြား စေ့ပေးစေနိုင်မည့် အခြေခံ ဦးတည်ချက်ဖြင့်ကျင်းပသွားရန်။

## လူမှုအဆောက်အအုံ အဖွဲ့အစည်းဆိုင်ရာများ

( ၂၃ ) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအနေဖြင့် ရွှေ့ပြောင်းအခြေချနေထိုင်သူများနှင့် ၎င်းတို့၏မိသားစုဝင်များ အရေး ဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်၏ ဆုံးဖြတ်ချက်ပါ အဆိုပြုပြဋ္ဌာန်း ချက်များအတိုင်း လိုက်နာအကောင်အထည်ဖေါ်ဆောင်ရွက်သွားကြရန်။

( ၂၄ ) လူ့အခွင့်အရေးကော်မရှင်အနေဖြင့် ရွှေ့ပြောင်းအခြေချနေထိုင်သူများဆိုင်ရာ ကုလသမဂ္ဂအထူးစုံစမ်းရေးအရာရှိ၏ အစီရင်ခံစာပါ ပြည်တွင်းနိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားများ၏ အခြေအနေများအပေါ် အထူးအာရုံစိုက် လေ့လာသုံးသပ်မှု ပသွားရန်နှင့် ကုလသမဂ္ဂ အထူးစုံစမ်းရေးအရာရှိ၏အဆို ပချက်များအပေါ် လိုအပ်သလို တုန့်ပြန်လုပ်ရှားမှုများ ချမှတ်ဆောင်ရွက်သွားရန်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအသီးသီးသည်လည်း အထွေထွေအတွင်းရေးမှူး ချုပ်၏ ရွှေ့ပြောင်းအခြေချနေထိုင်သူများနှင့် ပြည်တွင်းနိုင်ငံခြားသား ရွှေ့ပြောင်းအလုပ်သမားများ အရေးကိစ္စဆိုင်ရာ အစီရင်ခံစာပါအဆိုပြုချက်များကိုလိုက်နာဖေါ်ဆောင်သွားရန်။

( ၂၅ ) နိုင်ငံအသီးသီး၏ အမျိုးသား လူ့အခွင့်အရေးကော်မရှင်များအနေဖြင့်လည်း တို့၏လုပ်ငန်းအစီအစဉ်များတွင် ပြည်တွင်းနိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားများ အရေးကိစ္စများကို တသားတည်းပါဝင်ပေါင်းစပ် ဆောင်ရွက်သွားကြရန်။

( ၂၆ ) အိုင်အိုအမ်၊ အိုင်အယ်လ်အို စသည့်

ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ လူ့အခွင့်အရေးဆိုင်ရာ အဆင့်မြင့်ကော်မရှင်နာရုံး (အိုအိတ်ချ်စီအိတ်ချ်အာရ်)အပါအဝင် ယူအဲန်အိုင်အက်ဖ်အီး အမ်၊ ယူအဲန်ဒီပီ၊ ယူအဲန်အိုင်စီအီးအက်ဖ်၊ ယူအဲန်အေအိုင်ဒီအက်စ်၊ ဒပလျူအိတ်ချ်အို အဖွဲ့အစည်းများ အနေဖြင့်လည်း ပြည်တွင်း နိုင်ငံခြားသား ရွှေ့ပြောင်းအလုပ်သမားများ ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများအားဖြည့်ရေးတွင် ညှိနှိုင်းဆောင်ရွက်မှုများ အတူတကွ လက်တွဲဖေါ်ဆောင်မှုများ ပလုပ်သွားရန်။

ပြည်တွင်း နိုင်ငံခြားသား ရွှေ့ပြောင်းအလုပ်သမားများသည်လည်း လူသားများပင်ဖြစ်ကြသည်။ သူတို့တွင်လည်း ကိုယ်ပိုင်ဘဝအခွင့်အရေးများနှင့် ဂုဏ်သိက္ခာများ ကိုယ်စီ ပိုင်ဆိုင်ကြပါသည်။ ထို့ပြင်သူတို့တွင် ခံစားချက်များ၊ နွေးထွေးမှုအသိအမှတ် ပရိုသေလေးစားမှု ဂရုတစိုက် စောင့်ရှောက်ကာကွယ်မှု ချစ် ခြင်းမေတ္တာတို့ကို လိုလားခံယူလိုခြင်းဆန္ဒများရှိကြသည်။ သူတို့သည် ပုဂ္ဂလိကများအဖြစ် သီးခြားနေထိုင်နိုင်စွမ်း မရှိကြပေ။ သူတို့သည် မိသားစုများလူမှုအသိုက်အဝန်းများ လူ့ယဉ်ကျေးမှုများ နိုင်ငံသားပြည်သူလူထု၏ အစိပ်အပိုင်းတရပ်ပင်ဖြစ်သည်။ သူတို့၏ အလုပ်အကိုင်များကို ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးတန်ဖိုးစံနှုန်းအရ နိုင်ငံတကာအသိအမှတ်ပအလုပ်အကိုင် အဆင့်အတန်းစံနှုန်းအရ တိုင်းတာသတ်မှတ်ရမည် ဖြစ်သည်။ သူတို့လုပ်ကိုင်နေကြသောအလုပ်အကိုင်အမျိုးအစား အဆင့်အတန်းများကိုအကြောင်း ပ၍သူတို့အပေါ်လူသားများအနေဖြင့်ဖြစ်စေ အလုပ်သမားများအနေဖြင့်ဖြစ်စေ ခွဲခြားနှိမ့်ချဆက်ဆံမှု ပခြင်း သူတို့ ၏အခွင့်အရေးများကိုဖေါက်ဖျက်ကျူးလွန်ခြင်း ပရန်လုံးဝမသင့်တော်ပေ။

ပြည်တွင်းနိုင်ငံခြား သားရွှေ့ပြောင်းအလုပ်သမားများနှင့်သူတို့၏မိသား စုဝင်များအတွက် သင့်တင့်လျောက်ပတ်သောအလုပ်အကိုင်ဘဝရပ်တည်ချက်နှင့်ဂုဏ်သိက္ခာပိုင်ဆိုင်ခွင့် ရရှိကြစေရေးအလို့ငှါပြည်တွင်းနိုင်ငံခြားသားရွှေ့ ပြောင်းအလုပ်သမားများအခွင့်အရေး၊ အလုပ်အကိုင်ဆိုင်ရာ အခြေခံအခွင့်အရေးတို့ကို ဖေါက်ဖျက်ကျူးလွန်မှုများရပ်စဲပစ်ရမည်။ ပြည်တွင်းနိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားများအနေဖြင့်သူတို့၏အခွင့်အရေးများကမ္ဘာလုံးဆိုင်ရာတန်ဖိုးထားမှုများတို့ကို ချမ်းမြေ့ စွာစံစားနိုင် ကြမှသာလျှင်ကျွန်တော် တို့ အနေဖြင့်လည်း ဒီမိုကရေစီပြည့် ဝသောလူမှုအဖွဲ့အစည်း၏ အနှစ်သာရများကိုသတိမူမိနိုင်ကြမည်ဖြစ်ပါသည်။ ဩဂုတ်လ ၂၈ ရက်နေ့တွင်ကျရောက်သည့်နိုင်ငံတကာစည်းလုံးညီညွတ်မှုနေ့တွင်ကျွန်ုပ်တို့အားလုံးပြည်တွင်းနိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားများနှင့် အတူတကွလက် တွဲပါဝင်ဆင်နွှဲခြင်းဖြင့် နိုင်ငံတကာစုစည်းညီညွတ်မှုကို ထုတ်ဖေါ်တည်ဆောက်၍ထိုရည်မှန်း ချက်ပန်းတိုင်သို့ ဦးတည်တက်လှမ်းကြပါစို့။

၂၀၀၂ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် သီရိလင်္ကာနိုင်ငံ ကိုလံဘို မှ၍ ရေးဆွဲချမှတ်သည်။



# နိုင်ငံ(တော်)နှင့် နိုင်ငံတကာအဆင့်အစည်းအဝေးမှ အိမ်တွင်းအလုပ်လုပ်သော သူတို့နှင့်ပတ်သက်သောအမြင်တင်ပြချက်နှင့် အနါဂတ်စီမံချက်များ

■ အိမ်တွင်းအလုပ်သမားများတွေ့ဆုံဆွေးနွေးနိုင်ဖို့အိမ်တွင်းအလုပ်နှင့်ပတ်သက်သောအလုပ်လုပ်သူ အလုပ်သမားတို့နှင့်တိုက်ရိုက်အလုပ်လုပ်ကိုင်သော (အဖွဲ့အစည်း) ဝနများအားတွေ့ဆုံဆွေးနွေးရန်နေရာများချထားမှု အသင့်ပြင်ထားခြင်းများအဖွဲ့အစည်း (သို့မဟုတ်) အဘက်ဘက်မှအဖွဲ့အစည်းများ၏လုပ်ဆောင်မှုတိုးတက်စေရန်အားပေး ထောက်ခံခြင်း

■ အိမ်တွင်းအလုပ်လုပ်သောအလုပ်သမား များအဖွဲ့ဖွဲ့စည်းမှုတင်ပြချက်သတ်မှတ်ဖို့ရာ NGO (အစိုးရမဟုတ်သောအဖွဲ့အစည်း) အဖွဲ့များအားခွဲဝေ ခြင်းနှင့်လေ့လာခြင်း

■ အလုပ်သမားကြီးကြပ်ရေးဝန်ကြီးဌာနရုံးသို့တင်ပြရန် အိမ်တွင်းအလုပ်သမားများအတွက်ဆုံးဖြတ်ချက်နှင့်သတ်မှတ်ချက်များချထားခြင်းနှင့်အလုပ်အမှုဆောင်ဖွဲ့စည်းပုံချမှတ်ခြင်း

■ ထိုင်းနိုင်ငံအလုပ်သမားများ အဖွဲ့အစည်းများတွင် ပါဝင်နိုင်သော မိမိတို့၏ကိုယ်ပိုင်အခွင့်အရေးများနားလည်စေရန်ရွှေ့ပြောင်းအလုပ်သမားများအားသတင်းနှင့်အချက်အလက်များဖြန့်ဝေပေးခြင်း (သို့မဟုတ်) အဖွဲ့အစည်းထူထောင်ခြင်းကိုအားပေးခြင်း

■ ရွှေ့ပြောင်းအလုပ်သမားများအားတစုတစည်း တည်းစုစည်းသေ ဝအဖွဲ့အစည်းဖြစ်လာစေရန် ကူးပမ်းကြသော ထိုင်းနိုင်ငံအလုပ်သမားအဖွဲ့အ စည်းများအား ထောက်ခံအားပေးခြင်း

■ ကိုယ်ပိုင်အဖွဲ့အစည်းဖွဲ့နိုင်ရန်ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးကိုဝိုင်းဝန်းကူညီတောင်းဆိုပေးခြင်း

■ တစုတစည်းအဖြစ်နေကြသော အလုပ်တမျိုးတည်းအတူလုပ်သောအမျိုးသမီးများလုပ်အား လျှော့ချခြင်းကဲ့သို့သောအဖွဲ့အစည်း၏လုပ်ရပ်များအားညှိနှိုင်း လျှော့ချရေးနှင့် စည်းမျဉ်းစည်းကမ်းချက်များအားပပြင်ရန်သာမကအလုပ်ခြင်းမတူပေသော်လည်း စုစည်းခွင့်၊ အဖွဲ့အစည်းဖွဲ့စည်းနိုင်ခွင့် ရရန်တောင်းဆိုင်ရေး

■ အကူအညီရရှိနိုင်ရေးနှင့် NGO အဖွဲ့အစည်းများ၊ အခြားသောအဖွဲ့အစည်းများနှင့်လက်တွဲလုပ်ကိုင်နိုင်ရန် အိမ်တွင်းအလုပ်များကိုလေ့လာခြင်း

■ အိမ်တွင်းအလုပ်သမားများအားပညာပေးခြင်း လေ့လာမှုဇယားများလုပ်ဆောင်ထားရန်

■ အိမ်တွင်းအလုပ်လုပ်သောအလုပ်သမား များအား မိမိကိုယ်ကိုမိမိအားကိုးစေနိုင်ခြင်း

■ အိမ်တွင်းအလုပ်လုပ်သော အလုပ်သမားများအားသူတို့၏လုပ်ငန်းနှင့်ပတ်သက်သောအကြောင်းအရာများအတွက်စုစည်းမှုရှိနိုင်ရန်၊ အစည်းအဝေးများလုပ်နိုင်ရန်နှင့် စုစည်းညှိနှိုင်းနိုင်ရန်အတွက်ထောက်ခံအားပေးခြင်း

■ NGO များ၏ကူညီမှုဖြင့်ထိုင်နိုင်ငံတွင်းမှအလုပ်သမားအဖွဲ့အစည်းများဖွဲ့စည်းနိုင်ရေးအတွက်

အိမ်တွင်းအလုပ်လုပ်သောအလုပ်သမားများအားစုစည်းနိုင်ရန်ထောက်ခံအားပေးခြင်းနှင့်အလုပ်သမားများနေ့တွင်အလုပ်သမားများအားတွေ့ဆုံနိုင်ရန်နှင့်လှုပ်ရှားမှုများရှိလာနိုင်စေရန် ထောက်ခံအား ပေးခြင်း

■ အိမ်အလုပ်သည်အခြားအလုပ်နှင့်မတူညီပေ၊ အဘယ်ကြောင့်ဆိုသော်အိမ်အလုပ်သည် အိမ်နေရာတွင်းတွင်လုပ်သောအလုပ်ဖြစ်သည် ဟုဖော်ပြထားသကဲ့သို့အိမ်တွင်းအလုပ်သမားများ ၏သတ်မှတ်ချက်လုပ်အားခနှင့် အနိမ့်ဆုံးလုပ်အားအခွင့်အရေးများအား တောင်းဆိုခြင်း

## ***အိမ်တွင်းအလုပ်လုပ်သောအလုပ်သမား***

■ ပထမဦးဆုံးမှာ အိမ်တွင်းအလုပ်သမားများဟာ သူတို့ရဲ့ကိုယ်တွေ့အတွေ့အ ကံများကိုညှိနှိုင်းတိုင်ပင်နိုင်ဖို့အတွက် နေရာနဲ့အချိန်တွေကိုစီစဉ်ပေးရမှာဖြစ်ပြီးအိမ်တွင်းအလုပ်သမားများသည်လည်းလုပ်ငန်းခွင်တွင်းမှသူတို့၏ဘဝအကြောင်း များညှိနိုင်းဆွေးနွေးနိုင်မှာဖြစ်ပြီးအိမ်တွင်းအလုပ် သမားများသည်တစုတဖွဲ့တည်းဖြစ်ရန်စုစည်းနိုင်မှာဖြစ်သည်။

■ အကယ်၍အလုပ်သမားနှင့်ပတ်သက်သောဥပဒေနှင့်မိမိ၏အခြေခံအခွင့်အရေးများတောင်းဆိုမှုများ ပညာပေးမှုရှိခဲ့လျှင် အိမ်တွင်းအလုပ်သမားအားလုံးသည်လည်း အခွင့်အရေးတွေကိုပိုမိုနားလည်ပြီးတော့ မိမိတို့ရဲ့အသက်မွေးဝမ်းကျောင်းဘဝလုပ်ငန်းအတွက်ပိုမိုကောင်းမွန်လာအောင်တောင်းဆိုနိုင်တဲ့စိတ်အားတွေရှိလာမှာဖြစ်ပြီး၊ အိမ်တွင်းအလုပ်လုပ်သောအလုပ်သမားများအဖွဲ့အစည်းသည် မိမိကိုယ်ကို အားကိုးခြင်းဖြင့်မိမိတို့၏အခွင့်အရေးများတောင်းဆိုနိုင်ပေမည်။

## ဝေဖန် အကြံ ပြုလွှာ
## နေ့စဉ်အတွက်တာမှတ်စရာ အမှတ်စဉ်– ၄
## အိမ်တွင်းအလုပ်သမားအတွက် သိသင့်သိထိုက်သောအရာများ

ဤစာအုပ်ကို ဖတ်ရှုပြီးပါက ကျေးဇူး ပြု၍ အောက်ပါမေးခွန်းများကို ဖြေဆိုဖြည့်စွက်ပြီး သင်၏ထင်မြင်ယူဆချက်၊ အကြံဉာဏ်ပေးချက်၊ ဝေဖန်မှုများကိုဖော်ပြပါရန် ဖိတ်ခေါ်အပ်ပါသည်။ အဖြေလွှာများကို စာအုပ်ပါလိပ်စာအတိုင်း ပေးပို့ပါရန်။

အမည် ——————————————————

ကျား၊မ ——————————————————

အသက် ——————————————————

နေရပ်လိပ်စာ ——————————————————

အလုပ်အကိုင် ——————————————————

ဖုန်းနံပါတ် ——————————————————

မေးခွန်း ၁။ ဤစာအုပ်မှ အချက်အလက်များအနက် မိမိဘယ်အချက်တွေကို ပိုပြီးနှစ်သက်ပါသလဲ။ ဘယ်အချက်အလက်တွေလဲ။

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————။

မေးခွန်း ၂။ ဖတ်ရှုသူအနေနဲ့ ဤစာအုပ်ကိုဖတ်ရှုပြီးသည့်နောက် တကယ်လို့အကျိုးရှိပါက ဘယ်လို အသုံး ဝင်ပါသလဲ၊

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————။

မေးခွန်း ၃။ စာအုပ်ထဲမှပါရှိသောအချက်အလက်များနှင့် ရုပ်ပုံများ၊ စာအရေးအသားများသည်လိုက်ဖက် ဆီလျော်ပါသလား။

မေးခွန်း ၄။ နောက်ထုတ်ဝေမည့် စာအုပ်အသစ်တွင် မည်သည့်အချက်အလက်တွေကို သင်ပိုပြီးသိချင်ပါသလဲ။

မေးခွန်း ၅။ ထုတ်ဝေပြီးသော အချက်အလက်တွေကို ဖတ်ရှုသူအနေနှင့် ဘယ်လိုထင်မြင်ယူဆချက်၊ အကြံ ဉာဏ်မျိုးတွေ ထပ်ပေးချင်ပါသလဲ။

MAP Foundation
PO.BOX- 7
Chiangmai University
Chiangmai, 50202
Thailand. Tel/Fax: 053 811 202

ထုတ်ဝေသည့်နေ့ရက် ဖေဖော်ဝါရီ ၂၀၀၇
ထုတ်ဝေသူ မက်(ပ်)ဖောင်ဒေးရှင်း
P.O.ox 7
Chiangmai University
Chiangmai 50202
Tel/fax: 053 811202
Email: map@mapfoundationcm.org
Website: www.mapfoundationcm.org
စာအုပ်ပြင်ဆင်မှု MAP Media Support Unit
စုဆောင်းသူ ဖီး(မ်) ရှကျီစာ ဆန်(န်)ဗီ (AAA အဖွဲ့)

Copyright MAP Foundation 2007
first print 2,000 copies

Printed in Thailand By Prachakorn Business co.
146/106-7 mahidol rd.
T. Tasala Chiangmai 50000
Tel: 053 308 771-2
Fax: 053 308 773
Email: pprint@asia.com

*Supported By:* n(o)vib OXFAM NETHERLANDS

**MAP Foundation**
**For the Health and Knowledge of Ethnic Labour**

P.O.Box 7. Chiangmai University,
Chiangmai 50202, Thailand
Tel/Fax: 66 53 811 202.
Email: map@mapfoundationcm.org
**Website: www.mapfoundationcm.org**